# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၄)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၀ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ်ကဲလေယိလှဲကိဆာဇူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ *စာမျက်နှာ ၈ ကော်လံ ၁* ❐



**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။**

(သတင်းစဉ်)

# နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ မဟာဗောဓိရုက္ခရောပနပူဇာ မဟာဗောဓိပင်ပျိုး စိုက်ပျိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၆

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ မဟာဗောဓိရုက္ခရောပနပူဇာ မဟာဗောဓိပင်ပျိုး စိုက်ပျိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် အဆိုပါစေတီတော်ပရိဝုဏ် အရှေ့မြောက်ထောင့်အရပ်ရှိ မဟာဗောဓိပင်ပျိုး စိုက်ပျိုးမည့် မင်္ဂလာနေရာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့တက်ရောက်၍ မဟာဗောဓိပင်ပျိုကို စိုက်ပျိုးပူဇော်ကြသည်။

### တက်ရောက်

အဆိုပါ မဟာဗောဓိပင်ပျိုး စိုက်ပျိုးပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် *ကျောဖုံးသို့*

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၂၇ ရက်)

# မြတ်ကဆုန်လပြည့် အခါတော်ကောင်း ကုသိုလ်သဒ္ဓါသွန်းလောင်း

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထား အလေးအမြတ်ပြုရာ ၁၃၇၂ခုနှစ် ကဆုန်လပြည့်နေ့ အခါသမယဖြစ်သည်။ ကဆုန်လသည် မြန်မာလများတွင် ဒုတိယမြောက်လဖြစ်ပြီး နွေဥတုကာလအတွင်း ကျရောက်သည်။

မြန်မာတို့သည် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကြသည်။ မြတ်ဗုဒ္ဓဗျာဒိတ်တော် ရရှိခဲ့သောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့၊ မဟာဗောဓိပင်ပေါက်ရောက်သောနေ့များသည် ကဆုန်လပြည့်နေ့များဖြစ်သည်။

ကဆုန်လဆန်းပိုင်းသည် ပူပြင်းသော်လည်း လနှောင်းပိုင်းသို့ရောက်ရှိသောအခါ မိုးသေးမိုးပွားများသာမက မိုးကြီးတစ်ပြိုက်နှစ်ပြိုက်ရွာသွန်းတတ်သည်။ "ကဆုန်အတွင်း မြေသင်းပျံ့ပျံ့ မိုးနံ့နံ့"ဟု ရှေးမြန်မာများက ဆိုထုံးပြုခဲ့ကြသည်။ မိုးရေဖျန်းထားသဖြင့်ထွက်ပေါ်လာသော မြေသင်းနံ့သည် မွှေးနံ့သင်းနေသည်။

ကဆုန်လကို မြန်မာစာ၊ မြန်မာမှု၊ မြန်မာ့ယဉ်ကျေးမှုအရ ပြိဿရာသီဟုခေါ်သည်။ ထိုကာလတွင် ပွင့်သောရာသီပန်းသည် စံကားပန်းဖြစ်၍ ရာသီပွဲတော်သည် ကဆုန်ညောင်ရေသွန်းပွဲတော်ဖြစ်သည်။ မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာမှစတင်၍ ယခုမျက်မှောက်ခေတ်ကာလတိုင်အောင် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာယဉ်ကျေးမှု ရာသီပွဲတော်အနေဖြင့် ဆင်နွှဲကျင်းပလေ့ရှိသည်။

ညောင်ရေသွန်းပွဲတော်သည် ဂေါတမမြတ်စွာဘုရားသခင်ပွင့်တော်မူရာ ဗောဓိညောင်ပင်၏ ဆင့်ပွား ဗောဓိညောင်ပင်များကို အမွှေးနံ့သာရည် သန့်စင်သောရေတို့ဖြင့် သွန်းလောင်းပူဇော်ကြသည့် ပွဲတော်ဖြစ်သည်။

ကဆုန်ညောင်ရေသွန်းပွဲတော်သည် ရှေးခေတ်မြန်မာတို့က မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် တီထွင်ဖန်တီးခဲ့သည့် မြန်မာတို့၏ကိုယ်ပိုင်ပွဲတော်ဖြစ်သည်။ ကဆုန်ညောင်ရေသွန်းပွဲတော်ဖြစ်ပေါ်လာခြင်းသည် "တန်ခူး ရေကုန်၊ ကဆုန်ရေခန်း"ဆိုသည့်အတိုင်း အင်း၊ အိုင်၊ ကန်၊ ချောင်းများတွင် ရေခန်း၍ရေပြတ်လေ့ရှိသည့် ဤကဆုန်လရာသီတွင် ဗောဓိပင်များမညှိုးနွမ်း စိမ်းလန်းရှင်သန်စေရန်ဖြစ်ပြီး နွေရာသီ၏အလယ်ဗဟိုကျသောဤလအခါတွင် မိုးရွာသွန်းစေသောရည်ရွယ်ချက်ဖြင့်လည်း ညောင်ရေသွန်းလောင်းကြကြောင်း လောကဗျူဟာအင်ရုံစာတမ်းအရ သိရှိမှတ်သားရသည်။

ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားတို့သည် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် ကဆုန်ညောင်ရေသွန်းပြီး ကုသိုလ်ကောင်းမှုများပြု၍ ဗုဒ္ဓ၏အဆုံးအမများကို နာကြားမှတ်ယူကြ၍ မေတ္တာဘာဝနာပွားများ ကျင့်ကြံအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း ကုသိုလ်သဒ္ဓါသွန်းလောင်းလိုက်ရပါကြောင်း ။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၂၇-၄-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
- ၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လှျပ်တစ်ပြက်
- ၆:၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
- ၆:၄၀ ၁၄။ အကြင်နာလက်တစ်စုံ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၂၁)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဟာသရုပ်စုံ **အားနာလွန်းလို့**
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၁၅)

# သံတွဲနှင့် တောင်ကုတ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၁ရက်က သံတွဲမြို့ စစ်ဆေးရေးစခန်းသို့သွားရောက်၍ စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက်တိုင်းမှူးသည် သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် သံတွဲ-တောင်ကုတ်ကားလမ်းတစ်လျှောက် လမ်း၊ တံတား ကြံ့ခိုင်မှုအခြေအနေနှင့် ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်ကုတ်မြို့ စစ်ဆေးရေးစခန်းရှိ တာဝန်ရှိသူများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

### ကမ်းပိုင်ချောင်းတံတား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကမ်းပိုင်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဥတုရာသီ တောကို မှီ၏

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ် ကဆုန်လပြည့်နေ့ (ဥပုသ်နေ့)

၂၇-၄-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဇ္ဈိမရာသူဌေးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီဘိဝံသ ဟောကြားတော်မူသော **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော်
- ၈:၀၅ ၅။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၈:၁၀ ၆။ ဓမ္မပူဇာတေးအစီအစဉ်
- ၈:၄၀ ၇။ International News
- ၈:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ဉဿာယူနိုက်တက် F.C နှင့် ကမ္ဘောဇ F.C)
- ၅:၀၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၁၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၄။ ဓမ္မပူဇာတေးအစီအစဉ်
- ၅:၃၀ ၅။ ကဆုန်လပြည့်နေ့တေးများ
- ၅:၄၅ ၆။ ကုသိုလ်ပန်းဝေ သွန်းညောင်ရေ
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၀ ၁၀။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက**(အပိုင်း-၁၆)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၁၀)
- ၁၆။ ရုပ်ရှင်ပဟေဠိ
- ၁၇။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ **ကဆုန်လပြည့်ဗုဒ္ဓနေ့တရားတော်** (သံဝေဇနီယလေးဌာန) (ဖွား၊ ပွင့်၊ ဟော၊ စံ)

# ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၂၆

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဧပြီ ၁၉ရက်မှ ၂၁ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် (၇)ကြိမ်မြောက် နိုင်ငံတကာ ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် ဧပြီ ၂၃ရက်က လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။**

### ညှိနှိုင်းဆွေးနွေး

(၇)ကြိမ်မြောက် နိုင်ငံတကာ ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံ၏ အကြိုညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၉ရက် နံနက်ပိုင်းက စတင်ကျင်းပရာ ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသည့် ကူးစက်ရောဂါဖြစ်ပွားမှု အခြေအနေများနှင့် ကပ်ရောဂါအသွင် မဖြစ်ပွားနိုင်ရေးအတွက် ကာကွယ်ထိန်းချုပ်ရန် အသင့်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်အခြေအနေတို့ကို အချိုးညီစွာ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးကြသည်။

### ပူးပေါင်းဆောင်ရွက်

ညီလာခံ၏ အကြိုညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသည့် ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျင့်သုံးရမည့် ပူးပေါင်းဆောင်ရွက်မှု နည်းဗျူဟာ၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါဖြစ်ပွားမှုအချက်အလက်များ ဖလှယ်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အဆင့်ဆင့်တွင် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် ကူးစက်ရောဂါများဖြစ်ပွားမှုကို ထိန်းချုပ်နိုင်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

### ဟနွိုင်းကြေညာစာတမ်း

ညီလာခံ ဒုတိယနေ့နှင့် တတိယနေ့များတွင် တက်ရောက်လာကြသော နိုင်ငံအသီးသီး၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအသီးသီး၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အတွေ့အကြုံများနှင့် အခက်အခဲများ၊ ရန်ပုံငွေရရှိရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြပြီး ကြက်၊ ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဟနွိုင်းကြေညာစာတမ်းကို ထုတ်ပြန်သည်။

ဒုတိယဝန်ကြီးနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်ထွန်းအောင်လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

*(ကျောဖုံးမှ)*

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၄င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

**ထည့်သွင်းပူဇော်**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဗောဓိပင်ပျိုး စိုက်ပျိုးပူဇော်မည့် မင်္ဂလာနေရာ၌ ကျောက်မျက်ရတနာများအား ထည့်သွင်းပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရက မဟာဗောဓိရုက္ခရောပန ပူဇာဂါထာကို ဖတ်ကြားပူဇော်သည်။

**မဟာဗောဓိပင်ပျိုးစိုက်ပျိုး**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဗောဓိပင်ပျိုကို စိုက်ပျိုးပူဇော်ပေးကြပြီး မြေဆီ၊ မြေလွှာ၊ မြေသြဇာများနှင့် ရေစင်၊ ရေသန့်များကို သွန်းလောင်းပူဇော်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့က မဟာဗောဓိပင်ပျိုအား မြေဆီ၊ မြေလွှာ၊ မြေသြဇာနှင့် ရေစင်၊ ရေသန့်များကိုသွန်းလောင်းပူဇော်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

**ပက်ဖျန်းပူဇော်**

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၄င်းတို့၏ဇနီးများ၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က မဟာဗောဓိပင်ပျိုအား မြေဆီ၊ မြေလွှာ၊ မြေသြဇာနှင့် ရေစင်၊ ရေသန့်များကို သွန်းလောင်းပူဇော်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဗုဒ္ဓသရဏံဂစ္ဆာမိအစချီသော အရိယာသဝိတ္တိဂါထာတော်ကို ရွတ်ဆိုပူဇော်၍ မဟာဗောဓိပင်ပျိုအား လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

**အောင်ဂါထာတော်များရွတ်ဆို**

ထို့နောက် ဆရာတော် သံဃာတော်များ ဦးဆောင်၍ နိုင်ငံတော် အကြီးအကဲနှင့်ဇနီး၊ အဖွဲ့ဝင်များနှင့် ပရိသတ်များက ဇယန္တောဗောဓိယာ မူလေ အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

**ဖတ်ကြားပူဇော်**

ယင်းနောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းကို ဖတ်ကြားပူဇော်သည်။

ထို့နောက် ဆရာတော် သံဃာတော်များဦးဆောင်၍ နိုင်ငံတော် အကြီးအကဲနှင့်ဇနီး၊ အဖွဲ့ဝင်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ မဟာဗောဓိပင်ပျိုအား မြေဆီ၊ မြေလွှာ၊ မြေသြဇာနှင့် ရေစင်၊ ရေသန့်များကို သွန်းလောင်းပူဇော်ကြစဉ်။
(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ မဟာဗောဓိပင်ပျိုအား မြေဆီ၊ မြေလွှာ၊ မြေသြဇာနှင့် ရေစင်၊ ရေသန့်များကို သွန်းလောင်းပူဇော်ကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ မဟာဗောဓိပင်ပျိုအား မြေဆီ၊ မြေလွှာ၊ မြေသြဇာနှင့် ရေစင်၊ ရေသန့်များကို သွန်းလောင်းပူဇော်ကြစဉ်။
(သတင်းစဉ်)





နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး မဟာဗောဓိပင်ပျိုအား မြေဆီ၊ မြေလွှာ၊ မြေသြဇာနှင့် ရေစင်၊ ရေသန့်များကို သွန်းလောင်းပူဇော်စဉ်။ (သတင်းစဉ်)

## BAC - 2010 ၌ ဆုရရှိခဲ့သော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂၆**

စာရင်းပညာအခြေခံအဆင့်ပြိုင်ပွဲ Basic Accounting Competition (BAC-2010)၌ ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၃၅၅)ရှိ LCCI, CAT, ACCA နှင့် ABE ဘာသာရပ်များကို သင်ကြားပို့ချသော Management & Accountancy Training College ၌ ကျင်းပရာ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၉၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ဆက်သွယ်စုံစမ်းနိုင်**

အခမ်းအနားတွင် ပထမဆုရရှိသူ မသက်နှင်းအေးအား ငွေကျပ် ၅၀၀၀၀၀၊ ဒုတိယဆုရရှိသူ မမေရတနာလှိုင်အား ငွေကျပ် ၃၀၀၀၀၀၊ တတိယဆုရရှိသူ မဇော်ပန်းနွယ်အား ငွေကျပ် ၂၀၀၀၀၀ နှင့် နှစ်သိမ့်ဆု ၂၀ကိုလည်း ချီးမြှင့်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲမှာ ပထမဦးဆုံးသောပြိုင်ပွဲဖြစ်ပြီး (BAC-2010)ဟု သတ်မှတ်ခဲ့ကြောင်း၊ နောင်နှစ်များတွင်လည်း အလားတူပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို MAT College ဖုန်း ၀၁-၂၄၂၄၃၁၊ ၂၄၆၆၁၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲတက်ရောက်ရန် သမ္မတအီမြောင်ဘတ် တရုတ်ပြည်သွားရောက်မည်

ဆိုးလ် ဧပြီ ၂၆

၂၀၁၀ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ တက်ရောက်ရန်အတွက် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်သည် ဧပြီ ၃၀ရက်နှင့် မေ၁ရက်တို့တွင် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဧပြီ၂၅ရက်က သမ္မတရုံး၌ သတင်းထုတ်ပြန်သည်။


တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်

**တက်ရောက်မည်**

သမ္မတအီမြောင်ဘတ်သည် တရုတ်သမ္မတဟူကျင်ထောင်း တည်ခင်းသည့်ကြိုဆိုညစာစားပွဲ၊ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ဖွင့်ပွဲနှင့် တောင်ကိုရီးယားပြခန်းဖွင့်ပွဲတို့သို့ တက်ရောက်မည်ဖြစ်သည်။

**ဆွေးနွေး**

နှစ်နိုင်ငံအကြီးအကဲများဖြစ်သည့် သမ္မတအီမြောင်ဘတ်နှင့် သမ္မတဟူကျင်ထောင်းတို့တွေ့ဆုံပြီး နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးနှင့် အခြားအကျိုးတူကိစ္စများကို ဆွေးနွေးမည်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဩစတြီးယား-ရုရှား နှစ်နိုင်ငံအကြား ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမည်

ဗီယင်နာ ဧပြီ ၂၆

ဩစတြီးယားနှင့် ရုရှားနှစ်နိုင်ငံ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမည့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ဧပြီ ၂၄ရက်တွင် ဗီယင်နာမြို့၌သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည်။

ထိုစာချုပ်အရ ရုရှားနိုင်ငံမှကီလိုမီတာ ၃၇၀၀ ရှည်လျားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်ကျော်၍ ဥရောပသမဂ္ဂနိုင်ငံများသို့ ဓာတ်ငွေ့ပိုမိုပို့လွှတ်နိုင်မည်ဖြစ်သည်။

**မျှော်မှန်း**

ယင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှုစီမံကိန်းကို အမေရိကန် ဒေါ်လာ ဘီလီယံ ၂၀ ရင်းနှီးမြှုပ်နှံကာ ၂၀၁၅ခုနှစ်တွင် အပြီးတည်ဆောက်မည်ဟု မျှော်မှန်းထားရှိသည်။

**ဖြည့်ဆည်း**

၎င်းလုပ်ငန်းစီမံကိန်း ပြီးစီးပါက ဩစတြီးယားနိုင်ငံမှ လိုအပ်သည့် သဘာဝဓာတ်ငွေ့ ၇၀ ရာခိုင်နှုန်းခန့်နှင့် ဥရောပတစ်ဝန်းရှိ လိုအပ်ချက် ၂၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



## မနီလာမြို့၌ မီးလောင်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အရှေ့ပိုင်း၌ မီးလောင်မှုဖြစ်ပွားသည်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# ဖိလစ်ပိုင် မနီလာမြို့၌မီးလောင်မှုဖြစ်ပွား အိမ် ၆၀၀ခန့် မီးလောင်ခံခဲ့ရ

မနီလာ ဧပြီ ၂၆

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အရှေ့ပိုင်း ဆင်ခြေဖုံးအရပ်၌ ဧပြီ၂၅ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၆၀၀ကျော် မီးလောင်ကျွမ်းခံရပြီး လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း မနီလာမြို့ မီးသတ်တပ်ဖွဲ့မှ ပြောကြားသည်။

**လောင်ကျွမ်း**

မီးလောင်မှုမှာ ဧပြီ ၂၅ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ နေအိမ် အဆောက်အအုံအများအပြား မီးလောင်ကျွမ်းခံခဲ့ရကြောင်း၊ မီးသတ်ကားများဖြင့် ကြိုးစားပြီး မီးငြိမ်းသတ်ခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

**မီးငြိမ်းသတ်**

မနီလာမြို့ရှိ မီးသတ်ကား အစီး ၂၀၀ခန့်ဖြင့် မီးငြိမ်းသတ်ခဲ့ရခြင်း ဖြစ်ပြီး မီးလောင်ကျွမ်းမှုကြောင့် လူ ၇၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့် အနီးဝန်းကျင်ရှိ စာသင်ကျောင်းနှင့် ဘတ်စကက်ဘော ကစားကွင်းအတွင်း ကယ်ဆယ်ရေးစခန်း ဖွင့်ပေးထားကြောင်း ၎င်းမီးသတ်တပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

## ရထားလမ်းဖွင့်

တရုတ်နိုင်ငံ ဖူကျိုမြို့နှင့် ကျီမင်မြို့တို့ကို ဆက်သွယ်ထားသည့် အမြန်ရထားလမ်းဖွင့်ပွဲ၌ ရထားစတင်ခုတ်မောင်းနေမှုကို ဧပြီ ၂၆ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

# ဖူကျို-ကျီမင် အမြန်ရထားလမ်းဖွင့်လှစ်

ဖူကျို ဧပြီ ၂၆

တရုတ်နိုင်ငံ ဖူကျန်းပြည်နယ်အရှေ့ပိုင်း ဖူကျိုမြို့နှင့် ကျီမင်မြို့တို့ကို ဆက်သွယ်ထားသည့် အမြန်ရထားလမ်းကို ဧပြီ ၂၆ရက်၌ ဖွင့်လှစ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**ရှည်လျား**

ယင်းရထားလမ်းသည် ရှန်ကျန်းမှ ရှန်ဟိုင်းသို့ ဆက်သွယ်ထားသည့် အမြန်ရထားလမ်း၏တစ်စိတ်တစ်ဒေသဖြစ်ပြီး အရှည် ၂၇၅ကီလိုမီတာရှည်လျားကာ ၁နာရီလျှင် မြန်နှုန်းကီလိုမီတာ ၂၅၀အထိ ခုတ်မောင်းနိုင်သည်ဟု ဆိုသည်။

**အရောက်သွားနိုင်**

အဆိုပါ ရထားလမ်းပိုင်းကို ဖွင့်လှစ်ပေးခြင်းကြောင့် ဖူကျိုမြို့မှ ကျီမင်မြို့သို့ ယခင်က ၁၁နာရီကြာ သွားရောက်ခဲ့ရာမှ ယခုအခါ မိနစ်၉၀ခန့်ဖြင့် အရောက်သွားနိုင်မည်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



# ယူအေအီးလေယာဉ် အရေးပေါ်ဆင်းသက် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိ

နယူးဒေလီ ဧပြီ ၂၆

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂိုအာပြည်နယ်၌အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)မှ လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်စဉ် လေအိတ်တစ်ခုနှင့်တိုက်မိပြီး ပေ၂၅၀၀ သို့ နိမ့်ကျသွားခဲ့ကြောင်း၊ ခရီးသည်အတော်များများလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြို့ပြလေကြောင်းသတင်းရပ်ကွက်က ဧပြီ ၂၅ရက်၌ ပြောကြားသည်။

**ဆင်းသက်နိုင်**

ယင်းသို့ဖြစ်ပွားခဲ့သော်လည်း ဒူဘိုင်းမြို့မှ ခရီးသည် ၄၀၀ ခန့်တင်ဆောင်လာသော အဆိုပါလေယာဉ်သည် ကိုချီလေဆိပ်သို့ ဘေးအန္တရာယ်ကင်းစွာဖြင့် ဆင်းသက်နိုင်ခဲ့သည်ဟု ဆိုသည်။

**စုံစမ်းစစ်ဆေး**

ဖြစ်စဉ်အတွင်း ခရီးသည် ၇၀ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသာဆေးရုံသို့ တင်ပို့ကုသမှုခံယူလျက်ရှိသည်ဟုသိရသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ပါကစ္စတန်၌ နေတိုးယာဉ်တန်း အတိုက်ခံရ လောင်စာဆီတင်ယာဉ်၁၂စီး မီးလောင်

အစ္စလမ္မာဘတ် ဧပြီ ၂၆

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း၌ နေတိုးလောင်စာဆီတင်ယာဉ်တန်းကို သေနတ်သမားများက အကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် လောင်စာဆီတင်ယာဉ်ဒါဇင်နှင့်ချီ၍ မီးလောင်ပျက်စီးကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၂၄ရက်က ဖော်ပြသည်။

**တိုက်ခိုက်**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့အတွက် လောင်စာဆီများတင်ဆောင်လာသည့်ယာဉ်တန်းကို ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်း ခါဝါကျေးရွာအနီး၌ သေနတ်သမားများက ဧပြီ၂၄ရက်ညပိုင်းတွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**သေဆုံး**

ယင်းတိုက်ခိုက်မှုအတွင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့ကမှ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

**(အင်တာနက်)**

# တိဗက်၌မိုးသည်းထန် မြေပြိုမှုဖြစ်ပွား ဆက်သွယ်မှုများ ပြတ်တောက်

လာဆာ ဧပြီ ၂၆

တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဧပြီ ၂၂ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းသဖြင့် မြေပြိုမှုများဖြစ်ပွားလျက်ရှိသည့်အပြင် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်မှုနှင့်ကြုံတွေ့နေကြရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဧပြီ ၂၅ ရက်၌ ပြောကြားသည်။

**ပြောကြား**

မြေပြိုမှုနှင့်ရွှံ့စေးအပါအဝင် ကျောက်တုံးများကြောင့် ယာဉ်အသွားအလာ ပြတ်တောက်လျက်ရှိသော်လည်း ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ဇာယုစီရင်စုအတွင်းရေးမှူး ပန်ကွန်ကျန်က ပြောကြားသည်။ ဇာယုစီရင်စု၌ ဧပြီလအတွင်း မိုးရွာသွန်းမှု ၃၂၁ ဒသမ ၈ မီလီမီတာအထိရှိခဲ့ပြီး အဆိုပါဒေသတွင် လာမည့်လေးရက်အထိ မိုးပိုမိုရွာသွန်းဖွယ်ရှိကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနက ခန့်မှန်းထားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**


တရုတ်နိုင်ငံအတွင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြောက်ပိုင်းရှိ အကြီးဆုံးသော ဆိပ်ကမ်းမြို့ဖြစ်သည့် မန်ကျို့လီ၌ ဥရောပနှင့် အာရှဆက်သွယ်ထားသည့် မီးရထားလမ်းပိုင်းကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

# အာဖဂန်၌ အသေခံဗုံးခွဲ လေးဦးသေဆုံး

ကဘူးလ် ဧပြီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ ဇာဘူးလ်ပြည်နယ်၌ ဧပြီ ၂၅ ရက်က လုံခြုံရေးတပ်ဖွဲ့ကို ပစ်မှတ်ထားပြီး အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားရာ လေးဦးသေဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိကြောင်း အစိုးရ ရုံးအဖွဲ့က ယင်းနေ့၌ သတင်းထုတ်ပြန်သည်။

**သေဆုံး**

ယင်းတိုက်ခိုက်မှုသည် လူစည်ကားရာကုန်တိုက်၏ လုံခြုံရေးဂိတ်၌ ဖောက်ခွဲရေးသမားတစ်ဦးက အသေခံဗုံးဖောက်ခွဲရာ လုံခြုံရေးတပ်ဖွဲ့ယာဉ်ပေါ်မှ ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ လမ်းဖြတ်ကူးသူနှစ်ဦးနှင့် ဗုံးခွဲသူတို့သေဆုံးပြီး ဒဏ်ရာရရှိသူခုနစ်ဦးစလုံးမှာ အရပ်သားများဖြစ်သည်ဟု ပြည်နယ်အာဏာပိုင်အဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

# တရုတ်နိုင်ငံ၏ အဓိကမီဒီယာ ဆင်ဟွာ

တိုး-ရေးသားသည်

ပေကျင်းမြို့ရှိ ဆင်ဟွာသတင်းဌာနရုံးချုပ် လုပ်ငန်းခွင်တစ်နေရာ · · · ·။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လူထုဆက်သွယ်ရေးမီဒီယာတွင် ရုပ်မြင်သံကြား၊ သတင်းစာ၊ ရေဒီယိုနှင့် မဂ္ဂဇင်းတို့သည် အဓိကအခန်းမှ ပါဝင်ကြသည်။ ၂၀၀၀ပြည့်နှစ်မှစ၍ အင်တာနက်သည် အရေးပါသောမီဒီယာတစ်ခုအဖြစ် ရေပန်းစားလာသည်။**






## ဆင်ဟွာသတင်းဌာနအဆောက်အအုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်သည့် ၁၉၄၉ခုနှစ်မှ ၁၉၈၀ပြည့်လွန်နှစ်များအထိ တရုတ်ပြည်မှ မီဒီယာအားလုံး လိုလိုပင် နိုင်ငံပိုင်များဖြစ်ကြသည်။ ဆင်ဟွာ၊ စီစီတီဗွီနှင့် ပြည်သူ့နေ့စဉ်တို့ကဲ့သို့သော နိုင်ငံပိုင်မီဒီယာများက ဈေးကွက်ကို လွှမ်းမိုးထားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ စီးပွားရေးပြုပြင်ပြောင်းလဲမှု စတင်အကောင်အထည်ဖော်သည့်အခါမှ မီဒီယာများ ပိုမိုလွတ်လပ်လာခဲ့သည်။

## မားမားမတ်မတ်

နိုင်ငံတော်ကဦးဆောင်သည့် ဝါဒဖြန့်ချိရေးနှင့် ပညာပေးရေး လုပ်ငန်းများတွင် အဓိက အခန်းကဏ္ဍမှပါဝင်ကာ တရုတ်အစိုးရ၏ ယန္တရားကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်သည့် ဌာနမှာ ဆင်ဟွာသတင်းဌာန (သို့မဟုတ်) အင်နိုစီအင်န်အဖြစ် သည်။ ဆင်ဟွာသတင်းဌာနသည် တရုတ်အစိုးရ၏ တရားဝင် အာဘော် သတင်းဌာနဖြစ်သည်။

ဆင်ဟွာသတင်းဌာနကို Red China News Agency အဖြစ် ၁၉၃၁ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့သည်။ လက်ရှိအမည်သို့ ၁၉၃၇ခုနှစ်၌ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ဆင်ဟွာသတင်းဌာနသည် ပစိဖိတ်စစ်ပွဲကာလအတွင်းတွင် ပင်လယ်ရပ်ခြား အသံလွှင့်လုပ်ငန်းစတင်ကာ ပထမဆုံးသောဌာနခွဲများ ထူထောင်ခဲ့သည်။ နိုင်ငံရပ်ခြားတိုင်းပြည်များသို့ ၁၉၄၄ခုနှစ်တွင် ပထမဆုံး အင်္ဂလိပ်ဘာသာဖြင့် စတင်အသံလွှင့်ခဲ့သည်။ ကွန်မြူနစ်တို့ အာဏာရလာသည့်အခါ ဆင်ဟွာသတင်းဌာနသည် နိုင်ငံများနှင့် နယ်မြေအချို့တွင် တရုတ်ကွန်မြူနစ်ပါတီကို ကိုယ်စားပြုသည့်အဖွဲ့ ဖြစ်လာသည်။

## ဆောင်ရွက်

ဆင်ဟွာသတင်းဌာန၏ဌာနချုပ်သည် ပေကျင်းမြို့တော်၌ တည်ရှိသည်။ တရုတ်ပြည်တွင် သတင်းစုဆောင်းခြင်းနှင့် သတင်းစာရှင်းလင်းပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်နေသည့် အကြီးဆုံးသော သတင်းဌာနဖြစ်သည်။ တရုတ်ပြည်မကြီးတွင် China News Service ဟူသော အခြားသတင်းဌာနတစ်ခုလည်း ရှိသေးသည်။

## ရပ်တည်

ဆင်ဟွာသတင်းဌာနသည် တရုတ်ပြည်၏ပုံနှိပ်မီဒီယာလုပ်ငန်းတွင် လွန်စွာအရေးပါသည်။ ယင်း၏အရေးပါမှု၊ လုပ်ငန်းပမာဏကြီးမားမှု၊ ကမ္ဘာ့နေရာအနှံ့ ဖြန့်ကြက်မှုတို့ကြောင့် ကမ္ဘာ့ထိပ်တန်းသတင်းဌာနကြီးတစ်ခုအဖြစ် ရပ်တည်နေသည်။ ဆင်ဟွာသတင်းဌာနသည် တရုတ်ကွန်မြူနစ်ပါတီ၏ ပညာပေးရေးဌာနကြီးသို့ တိုက်ရိုက် တာဝန်ခံရသည်။ ဆင်ဟွာသတင်းဌာနတွင် ဝန်ထမ်းပေါင်း ၁၀၀၀၀ လုပ်ကိုင်လျက်ရှိသည်။

## ဖွင့်လှစ်ထား

ပြည်ပနိုင်ငံများမှ သတင်းအချက်အလက်များရယူရန်နှင့် တရုတ်ပြည်အကြောင်း ပြည်ပသို့အသိပေးရန်အတွက် ကမ္ဘာတစ်ဝန်းတွင် ဆင်ဟွာဗျူရို(သတင်းဌာနခွဲ)ပေါင်း ၁၀၇ ခုဖွင့်လှစ်ထားသည်။ ပြည်တွင်း၌လည်း သတင်းဌာနခွဲ ၂၇ ခု ဖွင့်လှစ်ပေးထားသည်။

ဆင်ဟွာသတင်းဌာနသည် မိမိလုပ်ငန်းတွင် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းကိုပါ ပူးတွဲဆောင်ရွက်သည်။ သို့ဖြင့် ဆင်ဟွာက သတင်းစာ ၂၀ ကျော်နှင့် မဂ္ဂဇင်းပေါင်း ၁၂ခုတို့ကို ပိုင်ဆိုင်သည်။ ယင်းတို့ကို တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ရုရှားဘာသာ၊ စပိန်ဘာသာနှင့် အာရေဗျဘာသာတို့ဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိသည်။

**ဆင်ဟွာသတင်းဌာနသည် မိမိလုပ်ငန်းတွင် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းကိုပါ ပူးတွဲဆောင်ရွက်၊ သို့ဖြင့် ဆင်ဟွာကသတင်းစာ ၂၀ကျော်နှင့် မဂ္ဂဇင်းပေါင်း ၁၂ခုတို့ကို ပိုင်ဆိုင်။**

**ဆင်ဟွာသတင်းဌာနသည် နိုင်ငံတကာသတင်းဌာနဖြစ်သည်နှင့်အညီ သတင်းဌာနခွဲများကိုလည်း အာရှ၊ အရှေ့အလယ်ပိုင်း၊ လက်တင်အမေရိကနှင့် အာဖရိက နိုင်ငံများတွင် ဖွင့်လှစ်ထား။**

## ကျယ်ကျယ်ပြန့်ပြန့်

ဆင်ဟွာသတင်းဌာနသည် နိုင်ငံတကာသတင်းဌာနဖြစ်သည်နှင့်အညီ သတင်းဌာနခွဲများကိုလည်း အာရှ၊ အရှေ့အလယ်ပိုင်း၊ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများတွင် ဖွင့်လှစ်ထားနိုင်ပြီး ကြီးမားသောအဆောက်အအုံများ၊ ရုံးများဖွင့်လှစ်ကာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။

ယခုအခါ ဆင်ဟွာသတင်းဌာနသည် သတင်းများ၊ သတင်းဓာတ်ပုံများကို တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ ဂျာမနီ၊ စပိန်၊ အာရေဗျစသည့်ဘာသာများဖြင့် ကမ္ဘာတစ်ဝန်းလုံးသို့ သတင်းဖြန့်ချိလျက်ရှိသည်။ ထို့ပြင် ပြည်ပမှသတင်းများ၊ သတင်းဓာတ်ပုံများရရှိရန် နိုင်ငံခြားသတင်းဌာနများ၊ နိုင်ငံရေးသတင်းဌာနများ စသည့်ဌာနပေါင်း ၈၀ကျော်ဖြင့် သတင်းဖလှယ်ရေးစာချုပ်များ ချုပ်ဆိုထားသည်။

## သတင်းဌာနကြီး

တရုတ်ကွန်မြူနစ်ပါတီ၏ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် ပြည်သူ့နေ့စဉ်နှင့်မတူဘဲ ဆင်ဟွာသတင်းဌာနသည် တရုတ်အစိုးရ အာဘော်သတင်းဌာနဖြစ်သည်။ ကမ္ဘာ့သတင်းဌာနကြီးတစ်ခုအဖြစ် ရပ်တည်နိုင်ပြီဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်းမှ သတင်းများကို တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်များနှင့် အထူးသတင်းများကို ရယူဖြန့်ချိပေးလျက်ရှိသည်။

ဘာသာပေါင်းခြောက်ဘာသာဖြင့် ဆင်ဟွာအင်တာနက်က တင်ထားသည့် သတင်းများကိုလည်း ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝင်ရောက်ကြည့်ရှုသူပေါင်း ၄၃၀၀၀၀ရှိကြောင်း ကွန်ပီဒေါ့ကွန်းလေ့လာချက်၌ ဖော်ပြထားသည်။

## တိုးချဲ့ဆောင်ရွက်

ဆင်ဟွာသတင်းဌာန၏ အခြားတိုးတက်ဆောင်ရွက်မှုတစ်ရပ်မှာ ရုပ်မြင်သံကြား သတင်းကွန်ရက်တစ်ခု ထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဆင်ဟွာသတင်းဌာနပိုင်ဆိုင်သည့် တရုတ်ဆင်ဟွာသတင်းကွန်ရက်ကော်ပိုရေးရှင်း(စီအင်န်စီ)က ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်၍ အာရှပစိဖိတ်ဒေသနှင့်အချို့ဥရောပနိုင်ငံများအတွက် ရုပ်သံများ ထုတ်လွှင့်ပေးသည်။ ပထမတွင် တရုတ်ဘာသာဖြင့် တစ်နေ့လျှင် ၂၄နာရီလုံး ထုတ်လွှင့်ပြီး လာမည့်ဇူလိုင်လမှစ၍ အင်္ဂလိပ်ဘာသာနှင့်တကွ အခြားဘာသာများနှင့်ပါထုတ်လွှင့်ရန် စီစဉ်ထားသည့်အတွက် ဆင်ဟွာသတင်းဌာနသည် ပုံနှိပ်မီဒီယာကဏ္ဍ၌သာမက အီလက်ထရွန်နစ် မီဒီယာအဖြစ်ပါ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်နိုင်ပေသည်။ ။

ကိုးကား-အင်တာနက်

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

### အီရတ်ခရီးသည်တင်လေယာဉ် လန်ဒန်သို့ဆိုက်ရောက်

*လွန်ခဲ့သည့်နှစ်ပေါင်း၂၀အတွင်း ပထမဆုံးခရီးစဉ်အဖြစ် အီရတ်မှခရီးသည်တင်လေယာဉ်တစ်စင်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ဧပြီ၂၆ရက်က ဆိုက်ရောက်လာသည်။ ယင်းခရီးသည်တင်လေယာဉ်သည် ဘဂ္ဂဒက်မှ၁၀နာရီကြာပျံသန်းခဲ့ရပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဂက်ဝစ်လေဆိပ်သို့ဆိုက်ရောက်လာခြင်းဖြစ်သည်။ ဧပြီ၂၆ရက်မှစတင်ကာ သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ပျံသန်းမည်ဖြစ်ကြောင်း ဗြိတိန်လေကြောင်းအရာရှိများက ပြောကြားသည်။*

### အင်ဒိုနီးရှား၌ စွမ်းအင်ဆိုင်ရာညီလာခံကျင်းပ

***အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် နိုင်ငံတကာစွမ်းအင်ဆိုင်ရာ ညီလာခံတစ်ရပ်ကို ဧပြီ၂၆ရက်မှ စတင်ကာကျင်းပကြောင်း၊ ယင်းညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း၈၀မှ စွမ်းအင်ဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း အင်ဒိုနီးရှားအရာရှိများက ဧပြီ၂၆ရက် ၌ ပြောကြားသည်။***

### ရုရှား၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

*ရုရှားနိုင်ငံ မော်စကိုမြို့၌ ဧပြီ၂၆ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိကြောင်းနှင့် နေအိမ်တစ်လုံးပျက်စီးကာ အခြားသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ဧပြီ၂၆ရက် ၌ ပြောကြားသည်။*

### အမေရိကန်စစ်စခန်းပြောင်းရွှေ့ရန် ဂျပန်၌တောင်းဆို

*ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းပေါ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်း ပြောင်းရွှေ့ရေးအတွက် ဒေသခံဂျပန်ပြည်သူ ၁၀၀၀၀၀ခန့်ကစုရုံးကာ ဧပြီ၂၆ရက်၌ တောင်းဆိုခဲ့ကြကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။*

### အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ဟိုတယ် ပြန်လည်ဖွင့်လှစ်

***၂၀၀၈ခုနှစ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ အိုဘီရွိုင်ဟိုတယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပိတ်ထားခဲ့သောယင်းဟိုတယ်ကို ဧပြီ၂၅ရက်၌ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ အဆောက်အအုံပြန်လည်ပြုပြင်မှုမှာ အမေရိကန်ဒေါ်လာ ၃၅သန်းခန့်ကုန်ကျခဲ့ကြောင်း အိန္ဒိယအရာရှိများက ဧပြီ၂၆ရက်၌ သတင်းထုတ်ပြန်သည်။***

### အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး ဟားမတ်စ်တို့ပြန်လွှတ်ပေး

*၂၀၀၆ခုနှစ်က ဟားမတ်စ်တို့ဖမ်းဆီးထားခဲ့သော အစ္စရေးတပ်ဖွဲ့ဝင် နောက်ထပ်တစ်ဦးအား ဧပြီ ၂၆ရက်က ပြန်လွှတ်ပေးလိုက်ကြောင်း၊ ယင်းတပ်ဖွဲ့ဝင်၏အမည်မှာ ရှာလစ်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ဧပြီ ၂၆ရက်၌ အတည်ပြုပြောကြားသည်။*

### ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းတန့်နေ

***ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ အတက်အကျမရှိဘဲ တန့်နေလျက်ရှိရာ အမေရိကန် နယူးယောက်မြို့ဈေးကွက်၌ ဧပြီ ၂၆ရက် ဈေးပိတ်ချိန်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၂ဒသမ၁၆ဒေါ်လာရှိနေဆဲပင်ဖြစ်ကြောင်း အမေရိကန် ရေနံလုပ်ငန်းဆိုင်ရာအရာရှိများက ပြောကြားသည်။***

### ယူအေအီး၌ မိုးပျံပူဖောင်းပျက်ကျ၊ နှစ်ဦးသေဆုံး

***အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)ရှိ အာဘူဒါဘီမြို့၌ အပျော်စီးမိုးပျံပူဖောင်းပျက်ကျခဲ့ရာ မိုးပျံပူဖောင်း၌လိုက်ပါစီးနင်းသူ နှစ်ဦးသေဆုံးပြီး ၁၄ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ မိုးပျံပူဖောင်းမှာ မုန်တိုင်းတိုက်ခတ်ခံရသဖြင့် သဲကန္တာရအတွင်း ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ယူအေအီးအရာရှိများက ဧပြီ ၂၆ရက်၌ ပြောကြားသည်။*** *(အောက်ပုံ)*



### ဂျော်ဒန်နိုင်ငံ အက်ဂါဘာမြို့၌ပေါက်ကွဲမှုဖြစ်ပွား

*ဂျော်ဒန်နိုင်ငံတောင်ပိုင်း အက်ဂါဘာမြို့ရှိ လက်နက်သိုလှောင်ရုံတစ်ရုံတွင် ဧပြီ ၂၆ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အဆောက်အအုံပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ဂျော်ဒန်ရဲတပ်ဖွဲ့က ဧပြီ ၂၆ရက်၌ ပြောကြားသည်။*

*(အင်တာနက်)*

# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ် စာပေညီလာခံ ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ ကျင်းပ

## ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အလှူငွေများလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

ရန်ကုန် ဧပြီ ၂၆

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ် စာပေညီလာခံ ဂုဏ်ပြုအလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အလှူငွေများ လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။**

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး များ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ နိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှ မြိုင် (ကိုဆောင်း)က ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်း

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ် စာပေညီလာခံ အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ အလှူငွေကျပ် ၁၀သိန်းနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုတို့၏ အလှူငွေကျပ် တစ်သိန်းတို့ကို ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

### ပြန်လည်ပေးအပ်

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီး ဌာနက ငွေကျပ် ငါးသိန်း၊ အလင်္ကာဝတ်ရည် စာပေဂီတအနုပညာလုပ်ငန်းနှင့် ရွှေတိုင်ညွှန့် နှစ်(၁၀၀)ပြည့် ဖျော်ဖြေရေးအဖွဲ့က ငွေကျပ် ၂၅သိန်းစီ၊ ဒေါက်တာ ဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီက ငွေကျပ် ငါးသိန်း၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့က ငွေကျပ်တစ်သိန်းစီ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူများအသင်းနှင့် မြန်မာနိုင်ငံ စာပေ နှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ဝင် ဦးလှထွန်း (လှထွန်း- တွံတေး) နှင့်ဇနီး ဒေါ်ညွန့်ညွန့်သန်း မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ မာရီစတုတ်အင်တာ နေရှင်နယ်က ငွေကျပ် ခုနစ်သိန်း၊ ထွန်းဖောင်ဒေးရှင်း ဘဏ်က ငွေကျပ် ငါးသိန်း၊ သက်ကြီး စာပေ ပညာရှင် ဦးစံဝင်း (ဗိုလ်တထောင် ကျိုက် ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပက)နှင့် ဒေါက်တာသာထွန်းဦး (တူဒေးစာအုပ် တိုက်)တို့က ငွေကျပ်နှစ်သိန်းစီ၊ နိုင်ငံ့ ဂုဏ်ရည်မဂ္ဂဇင်း (၁၁)နှစ်ပြည့် အထိမ်း အမှတ် တစ်နှစ်အတွင်း အမြတ်ငွေ ၁၅ ရာခိုင်နှုန်းမှ လှူဒါန်းငွေကျပ် ၁၈၀၀၀၀၊ ကိုမျိုး(ကြောင်နှစ်ကောင်)၊ ပေဖူးလွှာမဂ္ဂဇင်း၊ ဗိုလ်မှူးသက်ထွန်း (ငြိမ်း)မိသားစု၊ အဲဗားဝင်း မီဒီယာဂရု(ပ်)၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ (ငြိမ်း)နှင့် ဒေါ်သိန်းဆိုင် (မမြတ်လေး) မြတ်လေးရုံမိသားစုနှင့် ဦးသိန်းညွန့် (ညွန့်ဝေ-ကသာ)တို့က ငွေကျပ် တစ်သိန်းစီ၊ မင်္ဂလာ တောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့နှင့် ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်ဦး (ငြိမ်း) (စာရေးဆရာတင်သန်းဦး)တို့က ငွေကျပ် ငါးသောင်းစီ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊ ဦးမြင့်သိန်း (မြင့်သိန်း အောင်)နှင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတို့က ငွေကျပ် နှစ်သောင်းစီ၊ ဒေါက်တာတင်ထွန်း ဦးနှင့် ဒေါက်တာခင်မိုးမိုး [စွယ်စုံမီဒီယာ ဂရု(ပ်)]က ငွေကျပ်၁၅သိန်းတန်ဖိုးရှိ မဂ္ဂဇင်း စာအုပ်များနှင့် လက်ဆွဲအိတ်များ၊ မာရီစတုတ် အင်တာနေရှင်နယ်က ငွေကျပ် သုံးသိန်း တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ၊ လာဘ် မိုးစွေစာပေက ငွေကျပ် သုံးသိန်းတန်ဖိုးရှိ သုတရသစာအုပ်များ၊ အမေ့သား ထိုက်စာပေ တိုက်နှင့် စာရေးဆရာ မင်းရွှေမင်းတို့က ငွေကျပ် နှစ်သိန်းစီ တန်ဖိုးရှိ သုတရသ စာအုပ်များကို အသီးသီးပေးအပ်လှူဒါန်း ကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးအောင်မျိုးမြင့်၊ မြန်မာနိုင်ငံ စာပေ နှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးသန်းမောင် (သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ် စာပေညီလာခံ ကျင်းပရေး ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ် တင်ခ)က ကျေးဇူးတင်စကား ပြန်လည် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

### ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ် စာပေညီလာခံဂုဏ်ပြုအလှူငွေ ပေးအပ်ပွဲ အခမ်းအနားတွင် ငွေသား အလှူရှင် ၂၈ဦးတို့က အလှူငွေကျပ် ၁၅၂၃၀၀၀၀နှင့် ပစ္စည်းအလှူရှင် ငါးဦးတို့က ပစ္စည်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၇၇၃၀၀၀၀ကို ပေးအပ်လှူဒါန်းကြ သည်။ **(သတင်းစဉ်)**





မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ် စာပေညီလာခံ ဂုဏ်ပြုအလှူငွေ ပေးအပ်ပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)




ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ် စာပေညီလာခံ ဂုဏ်ပြုအလှူငွေ ပေးအပ်ပွဲတွင် အလှူရှင် တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၂၆

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသောပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထား လျက်ရှိကြရာ ၂၀၁၀ ခုနှစ် ဧပြီ ၂၆ ရက်တွင် အောက်ဖော်ပြပါအဖွဲ့များက လာရောက် လျှောက်ထားခဲ့ကြကြောင်း သိရှိရသည်-

(က) ကယန်းအမျိုးသားပါတီ

(ခ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ (National Democratic Party for Development)

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၂၁)ဖွဲ့ရှိ ပြီဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များအနက် (၅)ဖွဲ့ကို နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုပြီး ဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၁၀ (အင်္ဂါနေ့ )

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **ကဆုန်လပြည့် ဗုဒ္ဓနေ့** တရားတော် (ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံသ) (ချမ်းမြေ့ဆရာတော်) |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ**(အပိုင်း-၉၃) |
| ၈:၃၀ | Sports World [Contender (Germany)] |
| ၈:၅၅ | ဗုဒ္ဓနှစ် (၂၆၀၀)ပြည့် အထိမ်းအမှတ်ကြိုဆိုပွဲ |
| ၉:၁၀ | ဂီတ....သူဘယ်လို ဖန်တီးခဲ့ (ဂီတမှူး-မင်းရဲထွဋ်) |
| ၉:၄၀ | Cartoon Show Time (Lady and the Tramp) |
| ၁၀:၂၀ | ရွှေတိုင်းမြို့မှ ဂုဏ်တင့်စရာ ကြိမ်လက်မှု အနုပညာ |
| ၁၀:၃၅ | သင်ကြားရေးလမ်းညွှန် တစ်ခိုင်လုံးရွှေ အေးအေးမြင့်၏ အနုပညာသင်တန်းများ |
| ၁၁:၀၅ | သီးနှံစိုက်ပျိုးအထွက်တိုး (မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ) |
| ၁၁:၁၅ | ဟိုတယ်လမ်းညွှန် (Bagan Thiripyitsaya Sakura Hotel) |
| ၁၁:၅၀ | မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင် |
| ၁:၀၀ | **ကဆုန်လပြည့် ဗုဒ္ဓနေ့** တရားတော် (ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံသ) (ချမ်းမြေ့ဆရာတော်) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | Fashion Music Festival (Pop Fashion-2) |
| ၃:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၃) |
| ၄:၁၀ | **ကွက်လပ်ဖြည့်ပါ** ထွန်းထွန်း၊ ရဲလေး၊ သက်အောင်၊ ဖြိုးမောင်မောင်၊ မိုးပြည့်ပြည့်မောင်၊ သဇင်၊ ဒေါ်တင်တင်လှ၊ [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)] |
| ၄:၁၅ | ရွှေတိုင်းမြို့မှ ဂုဏ်တင့်စရာ ကြိမ်လက်မှု အနုပညာ |
| ၄:၃၀ | သင်ကြားရေးလမ်းညွှန် (တစ်ခိုင်လုံးရွှေ အေးအေးမြင့်၏ အနုပညာသင်တန်းများ) |
| ၄:၄၅ | ဂီတ....သူဘယ်လိုဖန်တီးခဲ့ (ဂီတမှူး-မင်းရဲထွဋ်) |
| ၅:၂၅ | ဗုဒ္ဓနှစ် (၂၆၀၀)ပြည့် အထိမ်းအမှတ်ကြိုဆိုပွဲ |
| ၅:၅၀ | Celebrity Style (သီရိဆွေ) |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | World of Knowledge (Chasing Earthquakes) |
| ၇:၁၀ | Fashion Music Festival (Pop Fashion-2) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | Cartoon Show Time (Lady and the Tramp) |
| ၉:၁၅ | Celebrity Style (သီရိဆွေ) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၉၃) |
| ၁၀:၀၀ | Sunday Talk |
| ၁၀:၃၅ | ဟိုတယ်လမ်းညွှန် (Bagan Thiripyitsaya Sakura Hotel) |
| ၁၁:၀၅ | လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၁) |
| ၁၁:၂၀ | ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော် |
| ၁၁:၃၅ | ရွှေပြည်သာမှ ထွန်းပနေတဲ့ သာသနာ |
| ၁၁:၄၅ | လှမ်းခဲ့ပါဆွေ **မနောမြေ** |
| ၁၂:၀၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# New Mobile ၏ အထူးဈေးရောင်းပွဲတော်

**ရန်ကုန် ဧပြီ ၂၆**

ဈေးနှုန်းနှင့် ပစ္စည်းမှန်ကန်မှုကြောင့် Customer များ၏ ယုံကြည်စိတ်ချမှုကို ခံယူရရှိထားသော New Mobile ၏ အထူးဈေးရောင်းပွဲတော်ကို ဧပြီ ၂၈ရက်မှ မေ ၁ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည့် Life Style & IT 2010 ပြပွဲ၌ ပါဝင်ပြသ ရောင်းချမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ရောင်းချမည့် Mobile Hand Set နှင့် အထိုင်ဖုန်းများမှာ စင်ကာပူနိုင်ငံမှ တင်သွင်းသော အရည်အသွေးမြင့် GSM Hand Set များ၊ ကမ်းရိုးတန်းသုံး CDMA 450 MHz Hand Set နှင့် အထိုင်ဖုန်းများ၊ ငွေကျပ် ငါးသိန်းတန် CDMA 800MHz Hand Set နှင့် အထိုင်ဖုန်းများ ဖြစ်သည်။ ထို့အပြင် အခြားပြည်နယ်နှင့်တိုင်းဒေသများတွင် ထပ်မံတိုးချဲ့ ချထားပေးမည့် ငွေကျပ် ငါးသိန်းတန် CDMA 450 MHz ကတ်ဖုန်းများ၏ Hand Set နှင့် အထိုင်ဖုန်းများကိုလည်း ရောင်းချပေးမည်ဖြစ်သည်။

### ဆက်သွယ်စုံစမ်းမေးမြန်းနိုင်

ထိုသို့ရောင်းချရာတွင် ပြင်ပ လက်ရှိ ရောင်းဈေးထက် ဖုန်းအမျိုးအစားအပေါ် မူတည်ပြီး တစ်လုံးလျှင်ငွေကျပ် ၅၀၀၀မှ ငွေကျပ် ၄၀၀၀၀ အထိ လျှော့ဈေးဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပစ္စည်းများကို ခြောက်လအာမခံ ပေးထားမည်ဖြစ်သည်။ ထို့ကြောင့် Hand Set အသစ် ပြောင်းလဲကိုင်လိုသူများနှင့် ငွေကျပ်ငါးသိန်းတန် CDMA (450 MHz, 800 MHz)၊ ကတ်ဖုန်းကိုင်ဆောင်ရန် လျှောက်ထားသူ များ New Mobile ၏ အထူးဈေးရောင်း ပွဲတော်တွင် လာရောက်ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက အမှတ် ၂၇၁/ ၂၇၃ ဗိုလ်အောင်ကျော်လမ်း (အလယ် ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၆၅၉၄နှင့် ၀၉-၅၀-၉၁၂၈၂တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာဖွယ်

နေပြည်တော် ဧပြီ ၂၆

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီ တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီ ဂရိတ်အထိပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်း ခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၇၁လက်မ၊ ရမည်းသင်းမြို့တွင် ၀ ဒသမ ၃၉လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၀ ဒသမ ၃၁လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**ဧပြီ ၂၇ ရက် ညနေအထိခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန် တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ် နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင်** ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

27-4 (06).pmd 1 4/27/2010, 2:16 AM





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

## ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမဥ္စကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က စက်မှုဇုန်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားကြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တာဝန်ရှိသူများက မိမိတို့၏ လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြသထားသော စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ တည်ဆောက်ထားသော ပလတ်စတစ်အမိုးအကာ အသုံးပြုထားသည့် တန်ဖိုးနည်းယင်လုံအိမ်သာနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လှူဒါန်းမည့် သုံးဘီးစက်ဘီး အမှိုက်သိမ်းယာဉ်များကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ကဆုန်လပြည့်နေ့နှင့် အလုပ်သမားနေ့တို့တွင် လော်ကားဥယျာဉ်ကို အချိန်တိုး၍ဖွင့်လှစ်ထားမည်

ရန်ကုန် ဧပြီ ၂၆

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ထားသော်လည်း ဧပြီ၂၇ရက် (ကဆုန်လပြည့်နေ့) နှင့် မေ ၁ရက် (အလုပ်သမားနေ့)တို့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၀ခုနှစ် ဧပြီ ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တောင်အာဖရိကသမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး မစ္စစ်မေတေးအင်နာကိုအာနား မာရှာဘာနေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ယခုအပတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၆

'မြန်မာနိုင်ငံရွေးကောက်ပွဲနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ သဘောထားအမြင်များ' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၂၅)ကို ယနေ့ဖြန့်ချိလိုက်သည်။

လူမဆန်တဲ့လုပ်ရပ်ကြောင့် သေဆုံးသွားသောပြည်သူများ၏ ကျန်ရစ်သူမိသားစုများ ကြေကွဲဝမ်းနည်း၊ အင်တာနက်ဖိုင်ဘာဆက်ကြောင်းပြီးစီး၍ နေပြည်တော်နှင့် မန္တလေးတွင် WIMAX စနစ် ကျင့်သုံးနိုင်တော့မည်၊ အန္တရာယ်ရှိသော တိုက်အို တိုက်ဟောင်းများအား လေလံဆွဲသောစနစ်များပြုလုပ်နေ၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် Organic ဆေးဝါးမျိုးစုံ အစ္စရေးနိုင်ငံသို့ တင်ပို့ရောင်းချမည်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ရွေးကောက်ပွဲဝင်မည်၊ သင်္ကြန်အတွင်း ပိတ်ထားခဲ့သည့် မဟာဗန္ဓုလလမ်းရှိ စတိုးဆိုင်တစ်ဆိုင်တွင် ငွေကျပ် ၇သိန်းကျော်တန်ဖိုးရှိ အသုံးအဆောင် ပစ္စည်းများအခိုးခံရ၊ လျှပ်စစ်အခွန်နှုန်းများတိုးမြှင့်ကောက်ခံသော်လည်း လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံမည်မဟုတ်၊ ကြယ်သုံးပွင့်အဆင့်လေကြောင်းလိုင်းများအဖြစ် အဲပုဂံနှင့် အမ်အေအိုင် လေကြောင်းလိုင်းတို့ သတ်မှတ်ခြင်းခံရ၊ ဖားကန့်မြို့နယ် ဥရုချောင်းရိုးတစ်လျှောက်တွင် ရွှေတူးဖော်ခွင့်ကို ကုမ္ပဏီတစ်ခုမှရရှိ၊ ဖုံးဖောက်ခွဲခဲ့သည့် တရားခံဖမ်းမိရန် သတင်းပေးနိုင်ပါက ဆုငွေကျပ် ၁၀သိန်းချီးမြှင့်မည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်၊ လော်ကားသဘာဝဥယျာဉ် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးမည်၊ ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုအတွက် အိန္ဒိယမှ ဒေါ်လာ ၅ဒသမ၆ဘီလီယံ ရင်းနှီးမြှုပ်နှံမည်၊ သီချင်းရေးဆရာများမှ သင်္ကြန်ကာလအတွင်း စင်တင်တေးဂီတ ဖျော်ဖြေမှုနှင့်ပတ်သက်၍ သုခမကြေးတောင်းခံမှုမရှိခဲ့၊ သက်တမ်းရင့်အဆောက်အအုံများနှင့် သင်္ဘောများအားအာမခံထားရှိခွင့်မပြု၊ အမေရိကန်ဒေါ်လာ သုံးသိန်းခွဲရင်းနှီးမြှုပ်နှံပြီး ပလတ်စတစ် Recycle စက်ရုံတည်ဆောက်မည်၊ သင်္ကြန်ရက်အတွင်း သူတို့ရဲ့ရင်ထဲမှ ဆို့နစ်ကြေကွဲစွာ ဖွင့်ဟပြောဆိုလာသည့် အနုပညာရှင်များရဲ့ စကားသံ၊ စာရေးဆရာ သာဂဒိုး ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်၊ အီရန်အား အမေရိကန်၏ အကူအညီမပါဘဲတိုက်ရန် အစ္စရေးစဉ်းစားချိန်ဆနေ စသည့်နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိထားသည်။ (သတင်းစဉ်)

## ပြန်/ဆက် ညွှန်ကြားရေးမှူးချုပ် ကလေးမြို့နယ် ငွေသလ္လာစာကြည့်တိုက်ကြည့်ရှု

ကလေး ဧပြီ ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်သည် စစ်ကိုင်းတိုင်းဦးစီးမှူး ဦးတင်သန်းဝင်း၊ ချင်းပြည်နယ်ဦးစီးမှူး ဦးဝင်းခင်၊ ကလေး၊ တမူး၊ ဖလမ်းခရိုင်တို့မှဦးစီးအရာရှိများ လိုက်ပါလျက် ဧပြီ ၂၄ရက် နံနက် ၈နာရီက နိုင်ငံတော် မတည်ငွေဖြင့် ဆောက်လုပ်ခဲ့သော ကလေးမြို့နယ် ကိုးမိုင်ကျေးရွာ ငွေသလ္လာစာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုခဲ့ပြီး စာငှား၊ စာဖတ်ဦးရေတိုးပွားရေး၊ စာအုပ်စာစောင်အသစ်များ တိုးတက်ရရှိရေးတို့အတွက် စေတနာအလှူရှင် ရှာဖွေရေးနှင့် စာကြည့်တိုက်ခိုင်မာဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ရေး မှာကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်သည် စာကြည့်တိုက်အတွက်အလှူငွေကျပ် ၃၀၀၀၀နှင့် စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံယူသည်။ (ခရိုင် ပြန်/ ဆက်)



## Davis Cup တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော မြန်မာ့အမျိုးသားတင်းနစ်လက်ရွေးစင်အသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၆

**ဧပြီ ၁၉ရက်မှ ၂၄ရက်အထိ ဂျော်ဒန်နိုင်ငံ Amman မြို့တွင် ကျင်းပသည့် ၂၀၁၀ခုနှစ် Davis Cup By BNP Paribas ASIA / OCEANIA Zone Group (IV) တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောင်မြင်မှုရရှိလာသော မြန်မာ့အမျိုးသားတင်းနစ်လက်ရွေးစင်အသင်းသည် ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။** (အပေါ်ပုံ)

### ကြိုဆိုနှုတ်ဆက်

အောင်ပွဲရ မြန်မာ့အမျိုးသားတင်းနစ်လက်ရွေးစင်အသင်းအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဥက္ကဋ္ဌ ဦးအောင်မော်သိန်း၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ၊ မြန်မာ့လူငယ်တင်းနစ်လက်ရွေးစင် မောင်မယ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိသည့်အနက် ကိုးနိုင်ငံပါဝင်ပြီး အုပ်စုနှစ်ခုခွဲထားရာ မြန်မာနိုင်ငံတင်းနစ်အသင်းသည် အုပ်စု(A)တွင် ပါဝင်ကာ မြန်မာ၊ Bahrain, Turkmenistan, UAE, Yemen တို့ ပါဝင်သည်။

ပြိုင်ပွဲ၏ (A)အုပ်စု ပတ်လည်ပြိုင်ပွဲတွင် မြန်မာ့အမျိုးသား တင်းနစ်လက်ရွေးစင်အသင်းသည် Turkmenistan အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ Bahrain အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ Yemen အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်းနိုင်ခဲ့ပြီး UAE အသင်းကို တစ်ပွဲ-နှစ်ပွဲဖြင့် ရှုံးနိမ့်ကာ (A)အုပ်စု ဒုတိယဖြင့် နောက်ဆုံးပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။ နောက်ဆုံးအဆင့် သတ်မှတ်ချက်ပြိုင်ပွဲကို ဧပြီ ၂၄ ရက်တွင် ကျင်းပရာ မြန်မာ့အမျိုးသားတင်းနစ် လက်ရွေးစင်အသင်းက အိမ်ရှင်ဂျော်ဒန်နိုင်ငံ လက်ရွေးစင်တင်းနစ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ASIA / OCEANIA Zone (IV) အဆင့်မှ ASIA / OCEANIA Zone(III) အဆင့်သို့ အဆင့်တိုးမြှင့် သတ်မှတ်ခံရသည်။

မြန်မာ့အမျိုးသား တင်းနစ်လက်ရွေးစင်အသင်းသည် ၂၀၁၀ခုနှစ် ASIA/OCEANIA Zone (IV) ပြိုင်ပွဲတွင် အောင်မြင်မှု ရရှိသဖြင့် ၂၀၁၁ ခုနှစ်တွင် ASIA/ OCEANIA Zone(III) အဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိထားသည်။

### ပထမဦးဆုံးအောင်မြင်မှု

မြန်မာ့အမျိုးသားတင်းနစ်လက်ရွေးစင်အသင်းသည် လွန်ခဲ့သော ၂၀၀၃ ခုနှစ်မှ စတင်၍ ASIA/OCEANIA Zone (IV) တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ယခုနှစ်တွင် ပထမဦးဆုံး အောင်မြင်မှုရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၆

ပြည်မြန်မာ သတင်းဂျာနယ် အမှတ် ၇၁၄ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာ သတင်းဂျာနယ်၌ "ရန်ကုန်မြစ်အတွင်း နှစ်ပေါင်း ၄၀၀နီးပါးနစ်မြုပ်နေသော ဓမ္မစေတီခေါင်းလောင်းကြီးနှင့် ဆက်စပ်သည့် ရေအောက် ပုံရိပ်အချို့တွေ့ရှိထား၊ လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်ကြီးကို အဆင့်မြှင့်ဆောင်ရွက်မည်၊ မြန်မာ့ဂျင်ဆင်း အပင်ရေ ၅၀၀၀ ချင်းပြည်နယ်တွင် စမ်းသပ်စိုက်ပျိုး၊ ကမ္ဘာလှည့်ခရီးသည်များအတွက် ထမ့်စန်းလိုဏ်ဂူသည် ခရီးစဉ် အသစ်တစ်ခုဖြစ်လာနိုင်၊ FEC 50 တန်ဖုန်းကတ် ဈေးကွက်ချဲ့ထွင်မည်၊ ပို့ကုန်သွင်းကုန်ကိစ္စရပ်များ အွန်လိုင်းမှ အချိန်တိုအတွင်း ဖြေကြားပေးမည်၊ မြန်မာ့ပထမဆုံး အမြှာပူးများ တွေ့ဆုံပွဲသို့ အမြှာပူးအတွဲ ၁၅၀ကျော် တက်ရောက်မည်၊ သစ်မွေးပင်စိုက်ရန် မြေနေရာမရှိသူများအား တစ်ပိုင်တစ်နိုင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးမည်၊ ချောင်းသာကမ်းခြေသွားသည့်လမ်းရှိ ကျိုးကျခဲ့သည့် တံတားကို မေလဆန်းတွင် ပြန်ဖွင့်မည်၊ ရန်ကုန်ယူနိုက်တက်အသင်းကို လိုက်လံအားပေးသည့် ပရိသတ်တစ်ဦး မန္တလေးတွင် သားဦးမွေးဖွား၊ ၂၀၀၉ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆု ချီးမြှင့်ပွဲကျင်းပ၊ ရန်ကုန်မြို့လယ်ရှိ စတိုးဆိုင်ကြီးတစ်ဆိုင် ဖောက်ထွင်းခံရ၊ ဆရာသာဂဒိုး၏ နောက်ဆုံးခရီး၊ သူခိုးများက နယ်သာလန်မှ အကျဉ်းထောင်တစ်ခုကို ဖောက်ထွင်းကာ ရုပ်မြင်သံကြားစက်များ ခိုးယူခဲ့၊ အိုက်စလန်တွင် ယခုထက် ပိုမိုကြီးမားသော မီးတောင်ကြီး တစ်ခု ထပ်မံပေါက်ကွဲမည်ကို စိုးရိမ်နေရ၊ စိတ်ကို ဖတ်ကြားနိုင်သည့် ဦးနှောက် Scan Software များ စတင်ပြသ၊ မျောက်ဝံနှစ်ကောင်၏ လက်ဖွေ့ထိုးသတ်ပွဲကျင်းပ၊ ပန်းကန်ပြား ပုံများက သိုးများကို လေဆာရောင်ခြည်ဖြင့် ပစ်ခတ်ခဲ့ဟုဆို၊ လေယာဉ်ပျံကို စိတ်ဖြင့် ဖျက်ချလိုက်မည်ဟု ခရီးသည်တစ်ဦးက ခြိမ်းခြောက်ခဲ့၊ ဗန်ကောက်၏ အဓိက စီးပွားရေးဇုန်၌ ဗုံးပေါက်ကွဲရာ ငါးဦး သေဆုံးပြီး ၁၀၀ဒဏ်ရာရ၊ အီဖယ်လ် မျှော်စင်တစ်ခွင် မြင်ကွင်းစုံလင်၊ ကမ္ဘာ့ပထမဆုံး မျက်နှာတစ်ခုလုံး အစားထိုး ကုသသည့် ခွဲစိတ်မှုအောင်မြင်"စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာ တိုးမြှင့်၍ မေတ္တာ လက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ထူးခြားသည့် နေ့အပူချိန်**

၂၆-၄-၂၀၁၀

မင်းဘူးမြို့ ၄၃ ဒသမ ၆ ဒီဂရီစင်တီဂရိတ်

မြင်းခြံမြို့ ၄၃ ဒီဂရီစင်တီဂရိတ်

**နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ**

❒ *ရှေ့ဖုံးမှ*

ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



## တက်ရောက်ကြည်ညို

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံ



သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရကဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

## ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဓမ္မိကာရာမ ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တောင်ငူမြို့ မြစည်းခုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသထံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)



# ရာသီပြိုသ၊ လကဆုန် ညောင်ရေပွဲ၊ နွဲကြပျော်ပျော်

တင်ထွင့်
(အစိုးရတိုင်းရင်းဆေး)

**"ရာသီပြိုသ၊ မဟေသီလဲ ရွှေညီခလို့၊**
**ပန်းမြစ်ကားဝါ၊ ဝိသာခါနှင့်၊**
**တာရာခြံရံ၊ စန်းငွေယုန်ဖန်သည့်နယ်၊**
**ဆဒ္ဒန်ပိုင့်ဘွေဘုံမှာ၊ လ-ကဆုန်**
**ညောင်ရေပွဲပေမို့၊ သဲလှတယ်လေး"**

ကဆုန်လတွင် ဝိသာခါနက္ခတ်သည် လမင်းနှင့် ယှဉ်ပြိုင်ထွက်ပေါ်လာပုံ၊ ရာသီပန်းအနေဖြင့် စံကားဝါပန်းဖြစ်ပြီး ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်ကြောင်း၊ မဟာအတုလမင်းကြီးက ၎င်း၏ ကဆုန်လဘွဲ့လွမ်းချင်းတွင် အထက်ဖော်ပြပါအတိုင်း ဖွဲ့ဆိုခဲ့ပေသည်။

ကဆုန်လသည် မြန်မာပြက္ခဒိန်လများတွင် ဒုတိယလဖြစ်ပြီး နွေဦးတုကာလတွင် ကျရောက်သည့်အပြင် နွေရာသီ၏ ဗဟိုအလယ်ကျသော လဖြစ်သဖြင့် **"ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်"**ဟူသော စကားရပ်နှင့် အညီ၊ ဆွေ့ဆွေ့ခုန်မျှ အပူရှိန်လွန်ကဲသောလဖြစ်ကြောင်း မဟာအတုလမင်းကြီးကပင် **"နေဝန်းယံစက်ရှိန်၊ တောက်လောင်ယံထိန်သည်၊ ဖလ်သူရိန် တေဇာကြောင့်၊ ပူဗျာပါ ကဲတဲ့ လကိုလေး"**ဟု ကိုယ်တွေ့ခံစား မှတ်တမ်းတင်သွားခဲ့သည်။

ယင်းသို့ လကဆုန်၏ အပူရှိန်ပြင်းထန်မှုကြောင့် မြစ်၊ ချောင်း၊ အင်းအိုင်တို့၌ ရေများခန်းခြောက်ကာ သစ်ပင်ပန်းပင်များ လန်းဆန်းမှုမရှိ၊ ညှိုးနွမ်းလာကြပြီး တန်ခူးလက ရွာသွန်းခဲ့သော ဖက်ဆွတ်မိုးကြောင့် ခေါင်းပြူထွက်လာကြသည့် မြက်နုကလေးများသည်လည်း ချစ်ချစ်တောက်ပူပြင်းသော ဤနွေကဆုန်၏ စက်ရိပ်အောက်တွင် အမောက်မထောင်နိုင်ရှာကြဘဲ ညှိုးနွမ်းပျော့ခွေသွားကြရှာပေသည်။

သို့သော် တပေါင်းနှင့် တန်ခူးလများက ရွက်ဟောင်းခြွေ၍ ရွက်သစ်တွေဝေစပြုခဲ့သော တောတောင်တို့သည် ပြန်လည်စိမ်းလန်းလာကြသည်။ မိုးကောင်းကင်ထက်တွင် တစ်ခါတစ်ခါ မင်းလွင်မြူခိုးများ ရစ်သိုင်းအုံ့ဆိုင်းလာတတ်ပြီး မိုးမရွာသော်လည်း မိုးခြိမ်းသံများနှင့်အတူ မိုး၏တပ်လှန့်ချက်အဖြစ် မြေသင်းရနံ့များသည်လည်း ဝန်းကျင်တစ်ခွင်ဝယ် မွှေးပျံ့နေပေတော့သည်။ ဤအခြင်းအရာတို့ကို အကြောင်းပြုလျက် ရှေးတောင်သူဦးကြီးများက **"ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့"**ဟု မှတ်တမ်းပြုခဲ့ကြပေသည်။

ကဆုန်လရာသီ၏ ဆွတ်ပျံ့ဖွယ်အလှများနှင့်စပ်လျဉ်း၍ မိုးရွာတော့မည့်ဟန်ဖြင့် ကောင်းကင်တွင် တိမ်များမှိုင်းဝေနေပုံ၊ မြောက်လေချိုဆော်သွေးနေစဉ် လျှပ်ပန်းလျှပ်ခြည်များ ပေါ်ထွက်နေပုံ၊ မိုးတိမ်မိုးသားများ ဟိုမှသည်မှ လွင့်ပါးနေကြပုံ၊ ရှုခင်းအလှကို မြင်တွေ့ခံစားကြရပုံတို့ကို နတ်သျှင်နောင်က-

**"ရွှမ်းကျုရွာဆင်၊ နေ့ညပင်တည့်၊ မင်းလွင်မှိုင်းဝေ၊ မြောက်လေချိုပျူ၊ သွန်းချဖြောက်ဖြန်း၊ လျှပ်ပန်းလျှပ်ခြည်၊ ဝန်းလည်ရစ်ခွေ၊ ထွေထွေခြယ်ဆန်း၊ တိမ်ပန်းရွှေပွင့်၊ ကုံးဆင့်ကုံးနှစ်၊ ကြွေးဟစ်ရင့်ကျူး၊ တောင်ကူးမြောက်ပါး၊ တိမ်သားမှိုင်းဝေ၊ လွမ်းသာဖွေက"**ဟု လည်းကောင်း၊

ကဆုန်လ၏ စန်းယှဉ်နက္ခတ်နှင့် လမင်းကြီးတို့ ရွှန်းပစွာလင်းထိန်နေပုံ၊ ရာသီပန်းနှင့် ရာသီပွဲတော်များအကြောင်း၊ မင်းနေပြည်တော်၏ အရပ်မျက်နှာထက်ဝန်းကျင်တွင် မိုးတိမ်မိုးသားများ ပြိုကျလုမျှ အုံ့ဆိုင်းနေကာ အာကာတစ်ခွင်ဝယ် မိုးခြိမ်းသံများ ငြိမ့်ညောင်းသာယာစွာ မြည်ဟည်းနေပုံတို့ကို ရာသီဘွဲ့ စာဆိုကြီး ဦးကြင်ဥက ၎င်း၏ ကဆုန်လဘွဲ့တွင်-

**"ညြော် ...ဖော်ဝေးမစုံ၊ဆွေးဖို့ကြုံအောင်၊ တစ်ပုံတစ်ခန်း၊ ကဆုန်ဆန်းမို့၊ ယုန်စန်းငွေလ၊ စန္ဒရနှင့် ပုဏ္ဏာ့တာရာ၊ ကြယ်ဝိသာလဲ၊ အာကာမြင့်ခေါင်၊ ကွန့်ရွှန်းငယ်ပြောင်သည်၊ တိမ်မှောင်ခြွေလို့ လင်းတော့တယ်"**ဟု လည်းကောင်း၊

**"သင်းမြေနံ့တကြိုင်။**
**စကားရွှေဝါနှင့်၊ ညောင်သီဒါ ရေတော်**
**သွန်းချိန်မို့၊ ရွှန်းဝေလို့လှိုင်။**
**မြိုင်မြစ်စုံ၊ ယမုန်ခပါတဲ့၊ ပြည်အမရမတ္တိုင်၊ ခရိုင်နယ်တဝိုင်း။**
**သို့ချိန်ဆီ၊ ရင့်ကျူးပဇ္ဇုဂ်ီနှင့်၊ တိမ်ပန်းချီပွေလို့ ရေးပေလိမ့်၊ ဆေးရင့်ပြာလှိုင်း"**

ဟုလည်းကောင်း စာဆိုရှင်အသီးသီးက စာပန်းချီ ရေးခြယ်ခဲ့ကြပေသည်။

ဤကဆုန်လကို ပုဂံခေတ်က ကုဆုန်၊ ကဆုန်၊ ကူဆုန်၊ ခူဆုန်၊ ခုဆုန်ဟု အမျိုးမျိုးခေါ်ဝေါ်ရေးသားခဲ့ကြပြီး ဗေဒင်အခေါ်အဝေါ်အားဖြင့် ပြိဿရာသီဟုခေါ်၏။ ဤလတွင် ဝိသာခါနက္ခတ်သည် လမင်းနှင့်အတူ ကောင်းကင်တွင် ယှဉ်ပြိုင်ထွန်းပ၍ ရာသီရပ်မှာ နွားလားဥသဘရပ်ဖြစ်၏။ ဤရာသီ၌ စံကားဝါပန်းတို့ဖူးပွင့်ကြသည်။ ဘုရင်နှင့်တကွ ပြည်သူများသည် ညောင်ရေသွန်းပွဲတော်ကို ရာသီပွဲတော်အဖြစ် ဆင်ယင်ကျင်းပလေ့ရှိကြ၏။ နေ့တာရှည်၍ ညတာတိုသော ရက်စုံလဖြစ်သည်။ ဤသည်တို့ကိုအကြောင်းပြု၍ စာဆိုတော်ဦးပုံးချိုက လေးဆစ်သဖြန်ဖြင့်-

**"နေနန်းရယ်တဲ့ဖလ်သူရိန်။**
**တန်ခိုးဥဏှာဂုနဲ့၊ ကဆုန်ဟူသည်မာသမှာ၊**
**ပြင်းပြပူရှိန်။**
**ဝိသာခါ ယှဉ်ပြိုင်ဝန်းပါလို့၊ ထွန်းလှတဲ့ငွေတာ**
**ရိန်ငယ်၊ ဒွတ္တိသနေ့စွဲ။**
**ပန်းစံကားဝါ၊ နန်းဘမရာကေသီဆင်လို့၊**
**ရွှေပြည်ခွင် ဗိုလ်ပါပေါင်းရယ်တို့၊**
**ငြိမ့်ညောင်းအောင် ထာဝစဉ်ဖြင့်၊**
**ခါသဘင်ညောင်ရေသွန်းကြတယ်၊**
**လွမ်းစရာ့ပွဲ"**

ဟု မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပေသည်။

ကဆုန်လ၏ အဓိပ္ပာယ်နှင့် ပတ်သက်၍ ဝေါဟာရလိနတ္ထဒီပနီကျမ်းတွင် ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ အင်း၊ အိုင်တို့၌ ရေပြတ်၊ ရေစစ်သောလဟုလည်းကောင်း၊ မြန်မာလအမည်များ စာအုပ်တွင် ရေသွန်းလ၊ ရေလောင်းလ၊ ရေသွန်းလောင်းသောလ၊ ရေဖျန်းလဟုလည်းကောင်း အသီးသီးကောက်ယူဖွင့်ဆိုကြသည်။

ကဆုန်လပြည့်နေ့သည် **"ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်"** ဟု အဆိုအတိုင်း သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်နှင့် ပတ်သက်ပြီး-

(၁) ဘုရားလောင်းသုမေဓာရှင်ရသေ့အနေဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှ "ဘုရား စင်စစ် ဧကန်ဖြစ်လိမ့်မည်"ဟု နိယတဗျာဒိတ်ကို ခံယူတော်မူသောနေ့ဖြစ်ခြင်း၊

(၂) ဘုရားလောင်းဖွားမြင်တော်မူသောနေ့ဖြစ်ခြင်း၊

(၃) သစ္စာလေးပါးကိုသိမြင်၍ဘုရားဖြစ်တော်မူပြီး မဟာဗောဓိပင်ပေါက်သောနေ့ဖြစ်ခြင်း၊

(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်း

ဟူသော အလွန်ထူးခြားသည့်ဗုဒ္ဓဝင်မှတ်တိုင်ကြီးများကို စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ကြီးများဖြစ်သည့် အားလျော်စွာ ၎င်းကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့"အဖြစ်သတ်မှတ်ကာ ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်း ဂါထာတော်များနှင့်ပဋိစ္စသမုပ္ပါဒ် ပါဠိတော် ဒေသနာတော်များကို ရွတ်ဖတ်ပြီး အခါတော်နေ့အဖြစ် ခမ်းနားစွာ ကျင်းပကြသည်။ ထို့ကြောင့် ဤကဆုန်လသည် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အဖို့ လထူးလမြတ်ကြီးဖြစ်ပေသည်။

ဤကဆုန်လပြည့်နေ့တွင် မာရ်နတ်ကို အောင်မြင်တော်မူသောကြောင့် ဤနေ့ ဤရက်ကို **"ကဆုန်လပြည့် မာရ်အောင်နေ့"**အဖြစ် ဗုဒ္ဓဘာသာဝင်တို့၏ စိတ်အစဉ်ဝယ် စွဲမြဲနေကြသည့်နည်းတူ ဝိသာခါနက္ခတ်နှင့်ယှဉ်ပြီး မြတ်စွာဘုရားကိုဖွားမြင်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းကို အကြောင်းပြု၍ ကဆုန်လပြည့်နေ့ကို "ဝိဆစ်ဒေး" (တစ်နည်း) ဝိသာခါဒေးဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖြစ်တော်မူသော နေ့ထူးနေ့မြတ်ကို အာရုံပြုကြလျက် ဤကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။

ဗောဓိပင်ဆိုသည်မှာ ဘုရားရှင်တို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူး သစ်ပင်မြတ်ပင်ဖြစ်ပြီး ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရရှိပါသည်။ ယင်းအဓိပ္ပာယ်အရ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အနက်အဓိပ္ပာယ်သုံးမျိုးတို့ကို ဟော၏။ အရိယာမဂ်သည် သစ္စာလေးတန်တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။ သိသင့်သမျှဉေယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်သည် ဗောဓိမည်၏။ ဘုရားတို့ ပွင့်တော်မူရာ သစ်ပင်ကိုကား သစ္စာလေးပါး ဉေယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာဖြစ်သောကြောင့် ဗောဓိဟုခေါ်ပေသည်။

ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်များကား-အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်ကြရာ မည်သည့်သစ်ပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးတရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်ပါက ဗောဓိပင်ဟူသော အမည်ထူးကို ရရှိပေသည်။ ဂေါတမမြတ်စွာဘုရားရှင်အနေဖြင့် သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာ သစ်ပင်မှာကား ညောင်ဗုဒ္ဓဟေ(ညောင်နီ)ပင်ဖြစ်၍ ထိုညောင်ဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင်သာသနာ၌ ဗောဓိပင်မည်ပေသည်။ ယင်းဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်သည့်သဘောရှိသဖြင့် "မဟာဗောဓိ" ဟု ခေါ်ဝေါ်ပေသည်။

ယင်းဗောဓိပင်အမည်ရသည့် သစ်ပင်ကား-"ကာဠူ၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ၊ ဗုဒ္ဓဟေ"ဆိုသည့် ဘုရားရှင်၏ ဖွားဖက်တော် ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ခြင်း၊ သစ္စာလေးပါးမြတ်တရားတို့ကို သိမြင်တော်မူသည့် နေရာဖြစ်ခြင်းတို့ကြောင့် အလွန်ထူးခြားမြင့်မြတ်သည့် သစ်ပင်တို့ဖြစ်ပေရာ ယင်းသစ်ပင်တို့သည် ဗောဓိဉာဏ်ကိုရရှိရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော(ဝါ) အသုံးပြုတော်မူသော သစ်ပင်မျိုးဖြစ်၍ စေတီတော်သုံးမျိုးအနက် ပရိဘောဂစေတီတွင် ပါဝင်ပေသည်။

မြန်မာနိုင်ငံသို့ မဟာဗောဓိပင်များ ရောက်ရှိခဲ့သည့် သာဓကများနှင့်စပ်လျဉ်း၍ သက္ကရာဇ် ၅၆၃ခုတွင် ရေးထိုးခဲ့သော သင်ကြီးညောင်အုပ်ကျောက်စာ (ကျော ၂-၃) တွင်"က(မိ)န်ပယ်ကူလေပြီ ဧအေ်။ ညောင်မီဖုန်" ဟုလည်းကောင်း၊ သက္ကရာဇ် ၆၅၃ခုနှစ်စွဲ ပုဂံမြို့ စောလှဝန်း ကျောက်စာ (ကျော၂၂-၂၃) တွင် "မီဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရေသွန်၊ မပြတ်စိယ်လှူင်တည်၏"ဟု လည်းကောင်း အသီးသီး အထောက်အထားတွေ့ရှိချက်များအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များ ရှိနေပြီဖြစ်ကြောင်း သေချာစွာဆိုနိုင်ပေသည်။

ဗောဓိပင်ကို ပူဇော်ခြင်းနှင့်ပတ်သက်၍ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ပင် ဘုရားရှင်တို့ အသုံးပြုတော်မူသော ဗောဓိပင်မြတ်သည် စေတီတော်မည်၏ဟု ဘုရားရှင်ကအရှင် အာနန္ဒာအားမိန့်ကြားတော်မူခဲ့ကြောင်း၊ဘုရားရှင်သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ဗောဓိပင်ကိုစိုက်၍ ဘုရားရှင်ကိုယ်စားပူဇော်ကိုးကွယ်ခဲ့ကြောင်း၊ တေရသကနိပါတ်တော်လာ ကာလိင်္ဂဗောဓိဇာတ်၌ ပြဆိုထားပြီး ခုဒ္ဒကပါဌအဋ္ဌကထာ နိမိကဏ္ဍသုတ်အဖွင့်၌လည်း ဗောဓိပင်သည် စေတီသုံးမျိုးတွင် ပရိဘောဂစေတီမည်ကြောင်း ဖွင့်ဆိုထားပေသည်။

မဟာဗောဓိညောင်ပင်ကို ရေသွန်းကြသည့် ယဉ်ကျေးမှုဓလေ့နှင့်စပ်လျဉ်း၍ ရှေးယခင် ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် ပသေနဒီကောသလမင်းကြီးသည်အာနန္ဒာဗောဓိပင်ကို အမွှေးနံ့သာရည်တို့ဖြင့် သွန်းလောင်းခဲ့ဖူးပြီး တစ်ဖန် သာသနာသက္ကရာဇ် ၂၃၆ခုနှစ်တွင် သီရိဓမ္မာသောကဘုရင်သည် ဒက္ခိဏသာခါမဟာဗောဓိပင်ကို အနောတတ်ရေစင်ဖြင့် အကြိမ်ကြိမ် အဘိသိက်သွန်းလောင်းခဲ့ဖူးပေသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်သည် မည်သည့်နိုင်ငံကမှ ဆင်းသက်လာသည့်ပွဲတော်မဟုတ်၊ ရှေးခေတ်မြန်မာမင်းကြီးတို့က မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် တီထွင်ဖန်တီးခဲ့သည့် မြန်မာတို့ကိုယ်ပိုင်ပွဲတော်ပင် ဖြစ်ပေသည်။

မြန်မာတို့သည် ကဆုန်လပြည့်နေ့တွင် ရှေးရိုးအစဉ်အလာနှင့်အညီ ညောင်ရေသွန်းပွဲတော်များကို နိုင်ငံနှင့်အဝန်း တစ်ပြိုင်နက်တည်း ကျင်းပကြသည်။ ဗောဓိညောင်ပင်၊ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များသို့ သွားရောက်ကြကာ ညောင်ရေသွန်းလောင်းကြသည့်အပြင် ပန်း၊ဆီမီး၊ အမွှေးတိုင်များပူဇော်ကာ ကုသိုလ်ပြုကြသည်။

ကဆုန်လသည် သင်္ကြန်ပွဲတော်ကျင်းပသည့် တန်ခူးလကျော်လွန်ပြီးနောက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် အချိန်ကျရောက်မည့် နယုန်လအကြားရှိ ကာလဖြစ်သည့်အတွက် လာမည့်စိုက်ပျိုးရေးရာသီအတွက် ကြိုတင်ပြင်ဆင်လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရသောကာလဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများသည် ညောင်ရေသွန်းပွဲတော်ကို တပျော်တပါး ဆင်နွှဲကြပြီးနောက် မိမိသက်ဆိုင်ရာ အသီးသီးသော လုပ်ငန်းခွင်များအဖြစ် တောထဲဝင် ဝါးခုတ်၊ ထင်းခုတ်ကြ၊ လယ်ကွင်းထဲသို့ဆင်းကြပြီး စိုက်ခင်းများ၊လယ်တဲများ ဆောက်လုပ် ပြင်ဆင်ကြရပေသည်။

ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခြင်းနှင့်ပတ်သက်ပြီး အသနဗောဓိယမထေရ်လောင်းအနေဖြင့် တိဿဘုရားရှင်၏ ဗောဓိပင်ကိုစိုက်ပျိုးပူဇော်ရသောကုသိုလ်ကြောင့် နတ်ပြည်၌ နတ်သားဖြစ်ရခြင်း၊ စကြဝမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှ လွတ်ကင်းရခြင်း စသည့်အကျိုးကျေးဇူးများကို လည်းကောင်း၊ ဂန္ဓောဒကတိဿ မထေရ်လောင်းအနေဖြင့် ပဒုမုတ္တရ ဘုရားရှင်၏ ဗောဓိပင်ကို နံ့သာရည်ဖြင့် သွန်းလောင်းသောကုသိုလ်ကြောင့် နတ်ပြည်၌ နတ်ဖြစ်ရခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ သောကကင်းဝေးခြင်း စသည့် အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီး ခံစားကြရပါသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့် သဗ္ဗညုမြတ်စွာဘုရားနှင့် ပတ်သက်၍ ဗုဒ္ဓဝင်သမိုင်းမှတ်တိုင်စိုက်ထူခဲ့သော နေ့ထူးနေ့မြတ် ထူးခြားချက်များဖြင့် အကြောင်းတိုက်ဆိုင်နေသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့သို့ ကျရောက်သည့် အခါတိုင်းတွင် ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေ၊ နံ့သာရည် စသည်တို့ဖြင့် သွန်းလောင်းပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွား ဥဒ္ဒိဿစေတီတော်များကို အနေကဇာတင် ဗုဒ္ဓအဘိသေကမင်္ဂလာသဘင်များ ဆင်ယင်ကျင်းပကြခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်ကြပြီး ဒါန၊ သီလ၊ ဘာဝနာပွားများအားထုတ်ခြင်းစသည့်ကုသိုလ်ကောင်းမှုအစုစုတို့ကို စိတ်ချမ်းမြေ့ကြည်လင်စွာ ပြုလုပ်ဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# ပရီမီယာလိဂ် တစ်နှစ်တာ အကောင်းဆုံးဆု ရွန်နီဆွတ်ခူး

ရေးသူ-မောင်မောင်မြင့်ဆွေ — စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဧပြီ ၂၆

**အင်္ဂလန်ဆုကြေးစားဘောလုံးသမားများအဖွဲ့ချုပ်က ၂၀၀၉-၂၀၁၀ဘောလုံးရာသီအတွက် တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားများအဖြစ် မန်ယူတိုက်စစ်မှူးရွန်နီနှင့် ဗီလာကွင်းလယ်ကစားသမားဂျိမ်းစ်မီလာတို့ကို ဧပြီ ၂၆ရက်က မဲဆန္ဒပေး ရွေးချယ်လိုက်ပြီဖြစ်သည်။**



**ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုရ ရွန်နီ**(လယ်)**နှင့် လူငယ်ကစားသမားဆုရ ဂျိမ်းမီလာ** (ယာ)**တို့အား ဆုများနှင့်အတူ ဤသို့တွေ့ရသည်။**

(အင်တာနက်ဓာတ်ပုံ)

### စာရင်းဝင်

ပရီမီယာလိဂ်၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုအတွက် ရွန်နီ၊ ဒရော့ဘာ၊ တီဗက်ဇ်နှင့် ဖာဘရီဂတ်စ်တို့အား ဆန်ခါတင်စာရင်းအဖြစ် ရွေးချယ်ထားခဲ့ပြီးမှ ဧပြီ ၂၆ရက်၌ ရွန်နီအား အပြီးသတ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

### ထောက်ခံခဲ့

အသက် ၂၄နှစ်အရွယ်ရှိ ရွန်နီသည် တစ်နှစ်တာကာလအတွင်း မန်ယူကလပ်နှင့် အင်္ဂလန်အသင်းတို့အတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် ကိုယ်တိုင်လည်း အရည်အချင်းမြင့်တက်အောင် ကြိုးစားနေသည့် ဘောလုံးသမားဖြစ်ကြောင်း၊ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်ရန် အသင့်တော်ဆုံးဖြစ်ကြောင်း အင်္ဂလန်ဆုကြေးစား ဘောလုံးသမားများအဖွဲ့ချုပ်က မှတ်ချက်ပြု ထောက်ခံခဲ့ခြင်းဖြစ်သည်။

### ဒဏ်ရာရ

မန်ယူနှင့် ဘိုင်ယန်မြူးနစ်တို့၏ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်၌ ရွန်နီ ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့သည်။ ယင်းဒဏ်ရာကြောင့် မန်ယူနှင့် ပွဲစဉ်အချို့ လွဲဖယ်ခဲ့ရပြီး နောက်ထပ်နှစ်ပွဲခန့်လည်း ပါဝင်ကစားနိုင်ဖွယ်မရှိချေ။

### ဂိုးသွင်းစွမ်းရည်

ရွန်နီသည် ယခုနှစ်၌ ပြီးခဲ့သည့်နှစ်ကထက် ခြေစွမ်း ပိုမိုထက်မြက်လာပြီး ဂိုးသွင်းစွမ်းရည်လည်း မြင့်တက်လာခဲ့သည်။ ယခုနှစ်၌ လက်ရှိ စုစုပေါင်း ၃၄ဂိုး သွင်းထားပြီးဖြစ်ရာ ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်ဖြစ်သည့် မန်ယူနှင့် စတုတ်တို့ပွဲ၌ ပါဝင်ကစားနိုင်ဖွယ်ရှိသည်။ ယင်းပွဲ၌ ပါဝင်ကစားပြီး ဂိုးသွင်းနိုင်ခဲ့ပါက ပရီမီယာလိဂ်ဂိုး အများဆုံးသွင်းသူ ဖြစ်လာဦးမည်ဖြစ်သည်။

### လူငယ်ကစားသမားဆု

၂၀၀၉-၂၀၁၀ခုနှစ်အတွက် ပရီမီယာလိဂ် တစ်နှစ်တာ လူငယ်ကစားသမားဆုအတွက် ရွန်နီ နောက်ဆုံးအမည်စာရင်းဝင်ဖြစ်ခဲ့သော်လည်း ဗီလာအသင်းမှ အသက် ၂၄နှစ်အရွယ် ဂျိမ်းစ်မီလာအား ရွေးချယ်ခဲ့သည်။ ဗီလာကွင်းလယ်ကစားသမား ဂျိမ်းစ်မီလာသည် ယခုနှစ်၌ ဗီလာအသင်းအတွက် ထူးထူးခြားခြား ခြေစွမ်းပြပြီး အကျိုးပြုနိုင်ခဲ့သဖြင့် ယခုကဲ့သို့ ပရီမီယာလိဂ်တစ်နှစ်တာ လူငယ်အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။ ယင်းတစ်နှစ်တာ လူငယ်အကောင်းဆုံး ဘောလုံးသမားဆုကို ၂၀၀၅ခုနှစ်နှင့် ၂၀၀၆ခုနှစ်တို့၌ ရွန်နီ ဆက်တိုက်ရရှိခဲ့ဖူးသည်။

### အကောင်းဆုံးပရီမီယာလိဂ်အသင်း

ယခုနှစ်အကောင်းဆုံး ပရီမီယာလိဂ်အသင်းအတွက် ဘောလုံးသမားများကို ရွေးချယ်ခဲ့ရာတွင် ဂိုး-ဂျိုးဟတ်(မန်စီးတီး-ဘာမင်ဂမ်၌ အငှားချထား)၊ နောက်တန်း-အိုင်ဗင်နိုဗစ်(ချယ်လ်ဆီး)၊ ဗာမေလန်(အာဆင်နယ်)၊ ရစ်ချတ်ဒွန်(ဗီလာ)၊ အီဗရာ(မန်ယူ)၊ အလယ်တန်း-ဖာဘရီဂတ်စ်(အာဆင်နယ်)၊ ဂျိမ်းစ်မီလာ(ဗီလာ)၊ ဖလက်ချာ(မန်ယူ)နှင့် ဗလင်စီယာ(မန်ယူ)၊ရှေ့တန်း-ရွန်နီ(မန်ယူ)နှင့် ဒရော့ဘာ(ချယ်လ်ဆီး) တို့ဖြစ်ကြသည်။

**ကိုးကား-အင်တာနက်**

## ပွဲစဉ် (၃၄) စပိန်လာလီဂါ အနိုင်/အရှုံး

| | | |
|---|---|---|
| ဗလင်စီယာ | ၁-၀ | ဒီပို့တီဗို |
| ရီရဲဇာရာဂိုဇာ | ၁-၂ | ရီရဲမက်ဒရစ် |
| ဘာစီလိုနာ | ၃-၁ | ဇီရက်ဇ် |
| စပို့တင်းဂီဂျွန် | ၀-၂ | ဗယ်လာဒိုလစ် |
| ရေဆင်း | ၁-၂ | ဗီလာရီးရဲ |
| မာလော့ကာ | ၁-၁ | မာလာဂါ |
| ဂီတာဖေး | ၄-၃ | ဆီဗီလာ |
| အက်သလက်တီကို | ၃-၁ | တီနေရီဇီ |
| အယ်မေရီးယား | ၀-၁ | အက်စ်ပန်ညို |

## ပွဲစဉ်(၃၅)အီတလီ စီးရီးအေ အနိုင်/အရှုံး

| | | |
|---|---|---|
| ဘိုလော့ဂ်နာ | ၂-၁ | ပါးမား |
| ဖီအိုရင်းတီးနား | ၀-၂ | ချီယေးဗို |
| ဂျီနိုအာ | ၁-၂ | လာဇီယို |
| ဂျူဗင်းတပ်စ် | ၃-၀ | ဘာရီ |
| လီဗော်နို | ၃-၁ | ကာတာနီယာ |
| နာပိုလီ | ၀-၀ | ကာဂလီယာရီ |
| ရိုးမား | ၁-၂ | ဆမ်ဒိုးရီးယား |
| အူဒီးနိစ် | ၄-၁ | ဆီနာ |
| အင်တာမီလန် | ၃-၁ | အတ္တလန်တာ |
| ပါလာမို | ၃-၁ | အေစီမီလန် |

## ပွဲစဉ် (၃၂) ဘွန်ဒက်စ်လီဂါအနိုင်/အရှုံး

| | | |
|---|---|---|
| ဘေယာလေဗာကူဆင် | ၃-၀ | ဟန်နိုဗာ |
| ဂလက်ဘတ် | ၁-၁ | ဘိုင်ယန်မြူးနစ် |
| မိန့်ဇ် | ၃-၃ | ဖရန့်ဖွတ် |
| နူရင်ဘတ် | ၂-၃ | ဒေါ့မွန် |
| ဝါဒါဘရီမင် | ၁-၀ | ကိုလုန်း |
| ဘိုချန် | ၀-၂ | စတုဂတ် |
| ဖရေးဘတ် | ၁-၀ | ဝုဖ်ဘတ် |
| ဟော့ဖန်ဖိန်း | ၅-၁ | ဟမ်းဘတ် |

(အင်တာနက်)

## လန်ဒန် မာရသွန်ပြိုင်ပွဲ အီသီယိုးပီးယားမှကေဘီဒီ ပန်းဝင်ဗိုလ်စွဲ

လန်ဒန် ဧပြီ ၂၆

**အီသီယိုးပီးယားအပြေးချန်ပီယံ တီဆေးဂါရေး ကေဘီဒီသည် ကင်ညာ အပြေးသမား အီမန်နျူရယ်မူတိုင်းနှင့် ကမ္ဘာ့ချန်ပီယံ အေဘာယ်ကီရုတို့အား ကျော်ဖြတ်ပြီး လန်ဒန်မာရသွန်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည်။**

### ဒူးခေါင်း ဒဏ်ရာ

ကေဘီဒီသည် ပြိုင်ပွဲတွင် ၂နာရီနှင့် ၁၃မိနစ် ၁၉စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ကင်ညာ အပြေးသမားမူတိုင်းက ၄င်းနောက်မှတစ်မိနစ်ခွာပြီး ဒုတိယလိုက်ခဲ့သည်။ ကမ္ဘာ့ချန်ပီယံ အေဘာယ်ကီရုမှာမူ ပဉ္စမနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ လက်ရှိချန်ပီယံ ဆမ်မိဝါဂျီရုမှာ ဒူးခေါင်း ဒဏ်ရာကြောင့် ၁၇မိုင်အထိသာ ပြေးနိုင်ခဲ့သည်။



(အင်တာနက်)



## ပရီမီယာလိဂ်ဖလား ချယ်လ်ဆီးမျှော်လင့်

**လန်ဒန် ဧပြီ ၂၆**

ချယ်လ်ဆီးအသင်းသည် ဧပြီ ၂၅ရက်က စတုတ်စီးတီးကိုခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သဖြင့် လေးနှစ်တာကာလအတွင်း ပထမဆုံးပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်မည့် အလားအလာများရှိကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပြောကြားသည်။

### တစ်မှတ်သာကွာ

ပရီမီယာလိဂ်ပြိုင်ပွဲများကစားရန် နှစ်ပွဲသာကျန်တော့သည်။ ချယ်လ်ဆီးက လာမည့် သီတင်းပတ်တွင် လီဗာပူးနှင့် အန်းဖီးလ်၌ ကစားရမည်။ မေ ၉ရက်၌ ဝီဂန်နှင့် ဆက်လက်ကစားရန်ရှိသည်။ ပွဲစဉ် ၃၆အပြီး ချယ်လ်ဆီးက ရမှတ် ၈၀၊ မန်ယူက ၇၉မှတ်ဖြင့် ဦးဆောင်လျက်ရှိသဖြင့် တစ်မှတ်သာကွာခြားမှုရှိသည်။

ထို့အတူ မန်ယူကလည်း လက်ကျန်ပွဲနှစ်ပွဲတွင် ဆန်းဒါးလန်းနှင့်လည်းကောင်း၊ နောက်ဆုံးပွဲစဉ်အဖြစ် စတုတ်စီးတီးနှင့်လည်းကောင်း ကစားရန်ကျန်တော့သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-ရေးသည်

## အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

### လာမည့်ရာသီတွင် ဂျူဗင်းတပ်စ်ကို ဘင်နီတက်ဇ် ကိုင်တွယ်ဖွယ်ရှိ

*လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် လာမည့်ဘောလုံးရာသီတွင် ၄င်းနှင့်အတူ လီဗာပူးကစားသမားများဖြစ်ကြသည့် ဒက်ကွတ်နှင့် မာရှယ်ယာနို၊ ဝက်စ်ဟမ်းမှ ဘက်ချ်ရာမီတို့ကို တစ်ပါတည်းခေါ်ဆောင်ကာ ဂျူဗင်းတပ်စ်အသင်းကို တာဝန်ယူ ကိုင်တွယ်ဖွယ်ရှိသည်။*

### အိုင်ယာလန်ကစားသမားလေးဦးအား အိုနေးလ်စာချုပ်လို

*အက်စ်တွန်ဗီလာအသင်းနည်းပြမာတင်အိုနေးလ်သည် အိုင်ယာလန်ကစားသမားများဖြစ်ကြသည့် ရော်ဘီကိန်း၊ ကီဗင်ဒွိုင်လီ၊ အိုင်ဒင်မက်ဂီယာဒီနှင့် စတီဖင်အိုင်ယာလန်တို့ လေးဦးစလုံးကို စာချုပ်လိုသည်ဟုဆိုသည်။*

### ဆိုလ်ဒါဒိုအားခေါ်ယူရန် အဲဗာတန်နှင့်ဘလက်ဘန်း အပြိုင်ကြိုးပမ်း

*အဲဗာတန်အသင်းသည် ဂီတာဖေးတိုက်စစ်မှူး ရောဘတ်တိုဆိုလ်ဒါဒိုအား စာချုပ်ခေါ်ယူရန် ဘလက်ဘန်းနှင့် အပြိုင်ကြိုးပမ်းနေကြောင်း၊ ယခုရာသီတွင် စပိန်လာလီဂါ၌ ၁၂ဂိုး သွင်းယူပြီးနောက် ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းတန်ဖိုးရှိသူ ဆိုလ်ဒါဒိုအား ဘေယာလေဗာကူဆင်နှင့် ဗလင်စီယာတို့ကလည်း စာချုပ်ခေါ်ယူလိုကြောင်း သိရသည်။*

### တိုက်စစ်မှူးဘိုဆယ်လီအား စာချုပ်ခေါ်ယူရန် မန်ယူကမ်းလှမ်း

*မန်ယူအသင်းသည် အမေရိကန်နိုင်ငံ အီစတူဒီယန်တက်စ်အသင်းမှ အာဂျင်တီးနား လက်ရွေးစင်တိုက်စစ်မှူး မော်ရိုဘိုဆယ်လီအား ပေါင်ငါးသန်းဖြင့် စာချုပ်ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း၊ ယင်းအသင်းသည် ယခုလစောစောပိုင်းက ချီဗက်စ်ဒီဂွါဒါလာဂျာရာအသင်းမှ မက္ကဆီကို တိုက်စစ်မှူး ဟာနန်ဒက်ဇ်အား စာချုပ်ခေါ်ယူခဲ့ကြောင်း ဖော်ပြသည်။*

### အီဗမိုင်လော့ပ်အားခေါ်ယူရန် မန်စီးတီး ကမ်းလှမ်း

*မန်စီးတီးအသင်းသည် နည်းပြမန်စီနီခေါ်ယူလိုသည့် ပေါ်တူဂီအသင်း စပို့တင်းလစ္စဘွန်းမှ ရုရှားကြယ်ပွင့်ဖြစ်သည့် ကွင်းလယ်တိုက်စစ်မှူး မာရက်အီဇမိုင်လော့ဗ်အား စာချုပ်ခေါ်ယူရန် ပေါင် ၁၀ သန်းဖြင့် ကမ်းလှမ်းခဲ့ကြောင်း၊ စပို့တင်းလစ္စဘွန်းကမူ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၂၀ရမှရောင်းမည်ဟု ဆုံးဖြတ်ထားကြောင်း သိရသည်။*

### ဟန်ဂီလန်အား အာစင်ဝင်းဂါး မျက်စိကျနေ

*ဖူလ်ဟမ်ခံစစ်မှူး ဟန်ဂီလန်အား အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ခေါ်ယူရန် မျက်စိကျနေကြောင်း၊ ကလစ်ချီနှင့်ရှိဆစ်စကီးတို့သည် အာဆင်နယ်မှ ထွက်ခွာဖွယ်ရှိကြောင်း ဖော်ပြသည်။*

### ရစ်ဘာရီအားခေါ်ယူရန် မန်ယူ အရှိန်မြှင့်ကြိုးပမ်းမည်

*မန်ယူအသင်းသည် လောလာဆယ် ဝိန်းရွန်နီ၏ နေရာတွင် အစားထိုးကစားပေးနေရသူ ဘာဘာတော့ဗ်၏နေရာ၌ အစားထိုးနိုင်ရန်အတွက် ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ဖရန့်ခ်ရစ်ဘာရီအား ခေါ်ယူရေး အရှိန်မြှင့် ကြိုးစားမည်ဟုဆိုသည်။*

### ချန်ပီယံလိဂ်ဝင်ခွင့်မရပါက တီဗက်ဇ် မန်စီးတီးမှ ထွက်ခွာဖွယ်

*မန်စီးတီးအသင်းချန်ပီယံလိဂ်ဝင်ခွင့်နေရာ မရခဲ့ပါက တိုက်စစ်မှူး တီဗက်ဇ် အနေဖြင့် အသင်းမှ ထွက်ခွာဖွယ်ရှိသည်။*

### ဖက်ကပ်တင်းနစ်ပြိုင်ပွဲ အမေရိကန်နှင့်အီတလီ ဗိုလ်လုမည်

*ဖက်ကပ်တင်းနစ်ပြိုင်ပွဲတွင် ချက်ပြည်ထောင်စုအား ၅-၀ဖြင့် အနိုင်ရရှိခဲ့သည့် အီတလီအသင်းနှင့် ရုရှားအသင်းကို ၃-၂ဖြင့် အနိုင်ရရှိခဲ့သည့် အမေရိကန်အသင်းတို့ ဗိုလ်လုကြမည်ဖြစ်သည်။*

### သရဖူကို ပြန်လည်ရယူမည်ဟု ဖရော့ကတိပြု

*ဒိန်းမတ်နိုင်ငံ ဟာနင်မြို့တွင် ဒိန်းမတ်လက်ဝှေ့သမား မီခေးလ်ကက်စလာအား ရှုံးနိမ့်ကာ ပထမဆုံးအကြိမ် ရှုံးပွဲကြုံခဲ့ပြီး ၄င်း၏ဒဗလျူဘီအီ စူပါမစ်ဒယ်ဝိတ် သရဖူကို လက်လွတ်ဆုံးရှုံးခဲ့ရသူ ဗြိတိသျှလက်ဝှေ့သမား ကားဖရော့က ၄င်းအနေဖြင့် လက်လွတ်ခဲ့ရသော သရဖူကို ပြန်လည်ရယူမည်ဖြစ်ကြောင်း ကတိပြုဖွင့်ဟ ပြောကြားခဲ့သည်။ ။*

# ထူးခြားမှုများရှိခဲ့တဲ့ ၁၉၃၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလားပြိုင်ပွဲ

ရေးသူ - မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)




ပါရီ ဧပြီ ၂၆

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ တတိယအကြိမ်မြောက် ပြိုင်ပွဲကိုတော့ ၁၉၃၈ခုနှစ်မှာ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ ဂျူလက်စ်ရီမက်ရဲ့ ဇာတိနိုင်ငံဖြစ်တဲ့အပြင် တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံဖြစ်လို့လည်း ဖီဖာအဖွဲ့ဝင်တွေက အိမ်ရှင်အဖြစ် ရွေးချယ်ခဲ့တာပဲ ဖြစ်ပါတယ်။

## ပါဝင်

၁၉၃၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာတော့ ခြေစစ်ပွဲအောင်တဲ့အသင်း ၃၇သင်းရှိပေမယ့် တကယ်တမ်း ပြင်သစ်နိုင်ငံကို လာရောက်ယှဉ်ပြိုင်တဲ့ ဘောလုံးအသင်းက စုစုပေါင်း ၁၅သင်းပဲ ရှိပါတယ်။ ပြီးခဲ့တဲ့ ၁၉၃၄ခုနှစ် အီတလီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ၁၆သင်းထက် တစ်သင်း လျော့နည်းခဲ့ပေမယ့် ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲဝင်အသင်းတွေရဲ့ ခြေစွမ်းကလည်း အရင်ပွဲတွေထက် ပိုပြီးအဆင့်အတန်းမြင့် ထက်မြက်လာခဲ့ပါတယ်။

## ရေပန်းစား

ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ မစတင်မီကတည်းက ဗိုလ်စွဲမယ်လို့ နာမည်ကြီးရေပန်းစားနေတဲ့ အသင်းတွေကတော့ အာဂျင်တီးနား၊ အင်္ဂလန်၊ စပိန်နဲ့ ဥရုဂွေးအသင်းတွေပဲ ဖြစ်ပါတယ်။ အဲဒီအသင်းတွေထဲက ရေပန်းအစားဆုံး အသင်းကတော့ အာဂျင်တီးနားပဲဖြစ်ပြီး ခြေစစ်ပွဲတွေမှာ တစ်ပွဲကို ပျမ်းမျှ လေးဂိုးနီးပါးသွင်းခဲ့လို့ နာမည်ကြီးခဲ့ခြင်းဖြစ်ပါတယ်။

## ကော်ကောင်

၁၉၃၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ထူးထူးခြားခြား ခြေစစ်ပွဲအောင်တဲ့အပြင် ပြိုင်ပွဲကျင်းပရာ ပြင်သစ်နိုင်ငံအထိ လာရောက်ယှဉ်ပြိုင်ဆင်နွှဲခဲ့တဲ့ အသင်းကတော့ ကျူးဘားပဲ ဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်လိမ့်မယ်လို့ မည်သူကမှ မထင်ထားချိန်မှာ ခြေစွမ်းပြပြီး နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်လာတဲ့ ကျူးဘားအသင်းကို ကော်ကောင်များ ဖြစ်လေမလားလို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေနဲ့ ပြိုင်ဘက်အသင်းတွေက သတိပြုစောင့်ကြည့်ခံရတဲ့အသင်း ဖြစ်ခဲ့ပါတယ်။



၁၉၃၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ကမ္ဘာ့ဖလားဆွတ်ခူးခဲ့သည့် အီတလီဘောလုံးအသင်း ဤသို့အောင်ပွဲခံခဲ့ကြသည်။

## ကြေးနန်းစာ

ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပချိန်အတွင်း ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွေ ကစားနေချိန်မှာ အီတလီဘောလုံးအသင်းထံကို အီတလီခေါင်းဆောင် မူဆိုလိုနီက ကြေးနန်းစာတစ်စောင် ပေးပို့လိုက်ပါတယ်။ အဲဒီကြေးနန်းစာကတော့ "အနိုင်ယူခြင်း သို့မဟုတ် သေဆုံးခြင်း ကြိုက်တာရွေးပါ"လို့ ရေးသားလိုက်တဲ့ စာတိုပဲဖြစ်ပါတယ်။ မူဆိုလိုနီ အာဏာလွှမ်းမိုးနေချိန်မို့ အီတလီဘောလုံးအသင်းဟာ အဲဒီကြေးနန်းစာကိုရပြီးတဲ့ အချိန်ကစပြီး ပြိုင်ဘက်တိုင်းကို တိုက်စစ်ဆင် ကစားတာဟာ ချွန်းဖွင့်လွှတ်လိုက်တဲ့ တိုက်ဆင်တစ်ကောင်လို ပွဲတိုင်းအနိုင်ရအောင် ကစားတော့တာပါပဲ။

## ဗိုလ်စွဲ

ဒါကြောင့်မို့လို့ နောက်ဆုံးဗိုလ်လုပွဲမှာ အီတလီနဲ့ ဟန်ဂေရီအသင်းတို့ ထိပ်တိုက်ရင်ဆိုင်တွေ့တဲ့အခါ အီတလီနည်းပြ ဗစ်တိုရီရိုပိုဇိုဟာ အတိမ်းအစောင်း အမှားအယွင်းမဖြစ်အောင် နည်းပြထိုင်ခုံမှာ တစ်စက္ကန့်တောင်မထိုင်ဘဲ ပွဲချိန်တစ်ချိန်လုံး သူ့အသင်း ဗိုလ်စွဲနိုင်ဖို့ ကြီးကြပ်ကွပ်ကဲနေခဲ့ပါတယ်။ ဗိုလ်လုပွဲမှာ အီတလီတိုက်စစ်မှူးတွေဖြစ်တဲ့ ပီရိုလာနဲ့ ဂီနိုကိုလူစီတို့က ဂိုးတွေ သွင်းယူခဲ့ပေမယ့် ဟန်ဂေရီတို့က ချေပဂိုးတွေသွင်းယူခဲ့လို့ နှစ်ဂိုးစီသရေပွဲဖြစ်နေချိန်မှာ အီတလီတိုက်စစ်မှူး ပီရိုလာက အနိုင်ဂိုး ထပ်မံသွင်းယူခဲ့လို့ အီတလီတို့ ဗိုလ်စွဲခဲ့ပြီး အီတလီမြေကို ကမ္ဘာ့ဖလားကြီး ဒုတိယအကြိမ်မြောက် သယ်ဆောင်သွားနိုင်ခဲ့ပါတယ်။ အီတလီနည်းပြ ဗစ်တိုရီရိုပိုဇိုဟာလည်း အီတလီနိုင်ငံရဲ့အားကစားနည်းပြ သူရဲကောင်းတစ်ဦး ဖြစ်ခဲ့ပါတယ်။ ကမ္ဘာ့ဖလားကြီးကိုပိုက်ပြီး ပြန်လာတဲ့ အီတလီဘောလုံးသမားတွေကို အီတလီခေါင်းဆောင်မူဆိုလိုနီက သူရဲကောင်းတွေလို ဂုဏ်ပြုကြိုဆိုခဲ့ပါတယ်။

## သွင်းဂိုးပေါင်း

၁၉၃၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတစ်လျှောက်မှာ ပြိုင်ပွဲဝင်အသင်းတွေက သွင်းယူခဲ့တဲ့ ဂိုးစုစုပေါင်းဟာ ၈၄ဂိုး ရှိခဲ့ပါတယ်။ ဒါကြောင့် ဘောလုံးပွဲတစ်ပွဲမှာ ပျမ်းမျှသွင်းဂိုးဟာ ၄ဒသမ ၆၇ရာခိုင်နှုန်းရှိခဲ့ပြီး အသင်းလိုက် ဂိုးအများဆုံး သွင်းနိုင်ခဲ့တဲ့ ဘောလုံးအသင်းကတော့ ဟန်ဂေရီအသင်းပဲဖြစ်ပြီး စုစုပေါင်းသွင်းဂိုး ၁၅ဂိုး ရှိခဲ့ပါတယ်။

## ရွှေဖိနပ်ဆု

ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ ရွှေဖိနပ်ဆုကို ရယူခဲ့သူကတော့ စုစုပေါင်း ခုနစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဘရာဇီးတိုက်စစ်မှူး လီယိုနီဒက်စ်ပဲ ဖြစ်ပါတယ်။ ဒီဘောလုံးပြိုင်ပွဲမှာ ဘရာဇီးအသင်းရဲ့ကစားဟန်ဟာ တစ်ဦးချင်းဘောလုံးကျွမ်းကျင်မှု၊ အသင်းလိုက် စုစည်းညီညွတ်မှုနဲ့ ပရိသတ်ကို ရသမြောက်အောင် ကစားပြနိုင်ခဲ့လို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေ အကြိုက်တွေ့ပြီး ဘရာဇီးရဲ့ ကစားဟန်ဟာ နာမည်ကြီးခဲ့ပါတယ်။

## ထူးခြားမှုများ

၁၉၃၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကစတင်ပြီး လက်ရှိကမ္ဘာ့ဖလားချန်ပီယံနဲ့ အိမ်ရှင်နိုင်ငံ ဘောလုံးအသင်းတွေဟာ ခြေစစ်ပွဲပါဝင်ယှဉ်ပြိုင်ခြင်း မပြုရတော့ဘဲ ပထမဆုံး တိုက်ရိုက်ပါဝင်ကစားခွင့် ရရှိခဲ့ပါတယ်။ နောက်ပြီး ဘောလုံးသမားများရဲ့ ဂျာစီအင်္ကျီတွေမှာ နံပါတ်တွေတပ်ပြီး စတင်ကစားစေခဲ့တဲ့ပြိုင်ပွဲလည်း ဖြစ်ခဲ့ပါတယ်။ ပြိုင်ပွဲအတွင်းမှာ ဆွစ်ဇာလန်နဲ့ အနောက်ဂျာမနီတို့ပွဲစဉ်မှာ ဆွစ်ဇာလန်အသင်းက လော့စချာဟာ မိမိအသင်းကို မိမိဂိုး ပြန်သွင်းမိခဲ့လို့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းမှာ ကိုယ့်ဂိုးကိုယ်ပြန်သွင်းတဲ့ ပထမဆုံးဘောလုံးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒါ့အပြင် အကြိုဗိုလ်လုပွဲမှာ အီတလီအသင်းခေါင်းဆောင် မီရာဇာဟာ ပယ်နယ်တီပြစ်ဒဏ်ဘောကို သူကိုယ်တိုင် ကန်သွင်းပြီးတဲ့နောက် ရတ်တရက် လဲပြိုကျခဲ့လို့ ဆေးရုံကို ချက်ချင်းတင်ပို့လိုက်ရတာကလည်း မှတ်တမ်းတင်ခဲ့ရတဲ့ အကြောင်းအရာတစ်ရပ် ဖြစ်ခဲ့ပါတယ်။

## တိုက်ဆိုင်မှု

၁၉၃၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲဖို့အတွက် ခြေစစ်ပွဲအောင်ထားတဲ့ ဩစတြီးယားအသင်းဟာ ပြင်သစ်နိုင်ငံကို သွားရောက်ဖို့ ပြင်ဆင်နေချိန်မှာ ၁၉၃၈ခုနှစ် မတ်လမှာ ဂျာမနီက ဩစတြီးယားနိုင်ငံကို ဝင်ရောက်သိမ်းပိုက်ခဲ့လို့ ကမ္ဘာ့ဖလားပွဲမှာ ပါဝင်မယှဉ်ပြိုင်ခဲ့ရတဲ့အဖြစ်ကလည်း ထူးခြားတဲ့ တိုက်ဆိုင်မှုတစ်ရပ်ဖြစ်ခဲ့ပါတယ်။

## ဟက်ထရစ်

၁၉၃၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ အုပ်စုပတ်လည်ပွဲစဉ်ကစားတဲ့အခါ ဘရာဇီးနဲ့ ပိုလန်တို့ ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ ဘရာဇီးတိုက်စစ်မှူး လီယိုနီဒက်စ်က သုံးဂိုးသွင်းယူနိုင်ခဲ့တာမို့ ကမ္ဘာ့ဖလားသမိုင်းမှာ ပထမဆုံး ဟက်ထရစ်သွင်းနိုင်တဲ့ ဘောလုံးသမားအဖြစ် မှတ်တမ်းတင်ခြင်းခံခဲ့ရပါတယ်။

ဒါကြောင့် ၁၉၃၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဟာလည်း ထူးခြားမှုတွေနဲ့ ပြည့်စုံနေတဲ့အပြင် နာမည်ကြီး ဘောလုံးအသင်းတွေဖြစ်တဲ့ အာဂျင်တီးနား၊အင်္ဂလန်၊ စပိန်နဲ့ ဂျာမနီတို့က သူတို့နိုင်ငံတွေမှာလည်း ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခွင့်ရရှိရေး စတင်တောင်းဆိုခဲ့ကြတာမို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ဂုဏ်ဒြပ်ဟာ ထူးခြားမြင့်မားလာခဲ့ပါတယ်။ ။

(အင်တာနက်)



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ မော်ဘီမြို့ တပ်ကြီးကုန်းရပ်ကွက် အောင်မင်္ဂလာလမ်း ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

# စည်ပင်သာယာရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေသည် ဧပြီ ၂၄ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာမှူးတို့၏ မြို့ပြ/ကျေးလက် စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြား၍ နွေရာသီရောက်လာပြီဖြစ်၍ မီးလောင်လျှင် မီးငြိမ်းသတ်နိုင်ရေးအတွက် ရေကို အလွယ်တကူရရှိနိုင်မည့် နည်းလမ်းများ ကြိုတင်စီစဉ်ထားရှိရန် မှာကြားကာ အိုးတန်းရပ်ကွက်ရှိ အရှည် ပေ ၅၅၀၊ အကျယ် ၁၂ပေ၊ ထု ၇လက်မရှိ ရွှေတောင်လမ်း ကတ္တရာခင်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ တပ်ကြီးကုန်းရပ်ကွက်ရှိ အရှည် ၇၃၅ပေ၊ အကျယ် ၁၀ပေ၊ ထု ၇လက်မရှိ အောင်မင်္ဂလာလမ်း ကတ္တရာခင်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အမှုဆောင်အရာရှိက ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် စည်ပင်သာယာရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး မျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၂၈-၄-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ (၃၇) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ ဆိုကြပျော်ရွှင် တေးသံစဉ်(၉၀) တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
၁၂း၂၅ ဇာတ်လမ်းပမာ နားဆင်စရာ (ရွှေဖလားကို ငွေနားကွပ်ဖို့မလိုပါ)
၁၂း၄၅ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးဖယ်ငါးဆုပ်လုံးကြော်နှင့် ပန်းပွင့်သနပ်)
၁၇း၁၀ Current Song(20)
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၇း၃၅ အင်္ဂလိပ်စာ သုတပဒေသာ (၄)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၄၇)
၁၈း၂၀ ကျေးလက်ဇာတ်လမ်း (သည်မြေ သည်ရေ)
၁၈း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ပုညခင်)
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀း၂၀ သူ့ခေတ်သူ့ခါ တေးကမ္ဘာ
၂၀း၅၀ ကျန်းမာရေးရာ သိကောင်းစရာ (ရှားပါးအဖိုးတန် ဆေးဖက်ဝင်မရှော့ပင်) လူမှုရေးဦးတည်ချက်
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

**လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်**

# တွေးခေါ်ပညာရှင် ရူးဆိုး

၁၇၁၂-၁၇၇၈

**ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ**

**တိုး-ရေးသားသည်**

**တွေးခေါ်ပညာရှင် ရူးဆိုးခေါ် ဂျင်းဂျက်ရူးဆိုးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ၁၇၁၂ခုနှစ် ဇွန်လ ၂၈ရက်တွင် မွေးဖွားခဲ့သည်။ သူ့ကိုမွေးဖွားပြီး မကြာမီမှာပင် မိခင်ကွယ်လွန်ခဲ့သည်။**

ရူးဆိုး အသက် ၁၀နှစ်အရွယ်တွင် ဖခင်ဖြစ်သူမှာ အသေးအဖွဲပြစ်မှုဖြင့် ထောင်ဒဏ်ကျခံရမည့်အရေးကို ရှောင်ရှားရန် ဂျီနီဗာမှ ထွက်ခွာတိမ်းရှောင်သွားသည်။ လူမမည်ရူးဆိုးမှာ အဒေါ်၊ ဦးလေးတို့ ကျွေးမွေးပြုစုစောင့်ရှောက်မှုအောက်တွင် ကြီးပြင်းလာရတော့သည်။

ရူးဆိုးလည်း အသက် ၁၆နှစ်အရွယ် လူလားမြောက်သည်နှင့် တစ်ပြိုင်နက် မွေးရပ်မြေ ဂျီနီဗာမှထွက်ကာ တစ်နေရာမှ တစ်နေရာသို့ ခြေဦးတည့်ရာ သွားလာပြောင်းရွှေ့ နေထိုင်သည်။ နောက်ဆုံး ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ၁၇၄၂ ခုနှစ်တွင် ရောက်ရှိ အခြေချသည်။ ထိုကာလများအတွင်းတွင် ရူးဆိုးသည် ရုံးလုလင်မှသည် သံအမတ်ကြီးတစ်ဦး၏ လက်ထောက်တစ်ဦးအဖြစ် အလုပ်အကိုင်မျိုးစုံကို လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းခဲ့ရသည်။



### ကြိုးပမ်း

တွေးခေါ်ပညာရှင် ရူးဆိုး၏ အလွန်လေးနက်သော အမြင်ကို မျက်မှောက်ကာလ ခေတ်သစ်ဒဿနိကဗေဒ၏ သဲလွန်စတိုင်းလိုလို၌ တွေ့ရသည်။ ယခင်တွေးခေါ် ပညာရှင်များ မစဉ်းစားဘဲချန်ထားသည့် လူသား၏စိတ်လှုပ်ရှားဖွယ်၊ စိတ်လှုပ်ရှားစေသော သဘောထား ရပ်တည်ချက်ကို ရူးဆိုး၏ ယေဘုယျလောကအမြင်က နားလည်သဘောပေါက်ရန် ကြိုးပမ်းသည်ကို တွေ့ရသည်။

### ယူဆ

ရူးဆိုး၏ လူမှုပဋိညာဉ်ကျမ်းက လူနှင့်လူ့ဘောင်အဖွဲ့အစည်းတို့၏ ဆက်နွယ်မှုကို ရေးဖွဲ့ရှင်းလင်းထားသည်။ ပြင်သစ် ပြည်တွင်းရေးတွင် နိုင်ငံရေးနှင့် လူမှုရေး မညီမျှမှုများကို ရူးဆိုးကဖော်ထုတ်ပြသည်။ လူအများ၏ ဆန္ဒအရသာ ဥပဒေကောင်းများပေါ်ထွန်းနိုင်၍ ဥပဒေများသည် လူထုထံမှ ဆင်းသက်ရမည်ဟု ရူးဆိုးက ယူဆသည်။

### နှိုးဆော်ထား

တစ်ဖန် အများစု၏ဆန္ဒသည် အမြဲမှန်ကန်သည်ဟူသော ယူဆချက်ကို ရူးဆိုးက မေးခွန်းထုတ်ထားသည်။ အများစု၏ဆန္ဒ မည်သို့ပင်ဖြစ်စေ အစိုးရ၏ ဦးတည်ရည်မှန်းချက်မှာ နိုင်ငံတွင်းရှိ ပြည်သူအားလုံးအတွက် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုရရှိရေးကို အာမခံသင့်ကြောင်း ရူးဆိုးက နှိုးဆော်ထားသည်။

**တွေးခေါ်ပညာရှင် ရူးဆိုး၏ အလွန်လေးနက်သောအမြင်ကို မျက်မှောက်ကာလ ခေတ်သစ်ဒဿနိကဗေဒ၏ သဲလွန်စတိုင်းလိုလို၌ တွေ့ရ၊ ယခင်တွေးခေါ်ပညာရှင်များ မစဉ်းစားဘဲချန်ထားသည့် လူသား၏စိတ်လှုပ်ရှားဖွယ်၊ စိတ်လှုပ်ရှားစေသော သဘောထားရပ်တည်ချက်ကို ရူးဆိုး၏ယေဘုယျလောကအမြင်က နားလည်သဘောပေါက်ရန် ကြိုးပမ်းသည်ကိုတွေ့ရ။**

### မှတ်ယူနိုင်

ရူးဆိုးသည် ပုဂ္ဂလိကပစ္စည်းထူထောင်ခြင်းကို တိုက်ခိုက်ဝေဖန်ရာတွင် ရှေးဦးထောက်ပြသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ရူးဆိုးကို ခေတ်သစ်ဆိုရှယ်လစ်စနစ်နှင့် ကွန်မြူနစ်စနစ်တို့၏ ဘိုးဘေးဘီဘင်တစ်ဦးဟု မှတ်ယူနိုင်ပေသည်။

### ခိုင်မာရေး

သူ၏ နိုင်ငံရေးသဘောတရားရေးရာ အခြေခံသဘောတရား တစ်ရပ်မှာ နိုင်ငံရေးနှင့် သမစိတ္တရှုထောင့်တို့ကို တသီးတခြား ခွဲခြား၍မရဟူသော အမြင်ဖြစ်သည်။ သူ၏ ဒုတိယအရေးပါသော အခြေခံသဘောတရားမှာ လွတ်လပ်မှု ခိုင်မာရေးပင်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

## ဘဝဒဿန

**Examine most carefully the things your desire most, don't be afraid to aim high when choosing your life's goal.**

သင်အဖြစ်ချင်ဆုံး အရာများကို စေ့စပ်သေချာစွာ ဆင်ခြင်သုံးသပ်ပြီး ဘဝပန်းတိုင်ကို ရွေးချယ်ရာတွင် မြင့်မားစွာ ရည်မှန်းချက်ထားဖို့ မကြောက်ပါနှင့်။

**When a stranger appears too eager to do something for you, take care that he doesn't do something to you.**

အကျွမ်းတဝင်မရှိသူတစ်ဦးက သင့်အား စိတ်ထက်သန်စွာ ကူညီဆောင်ရွက်ပေးလိုသည့် ပုံစံဖြစ်နေပါက သင့်အား ဒုက္ခပေးနိုင်သည်ကို သတိပြုပါ။

**Render more service and better service than is expected of you if you wish to attract quick and permanent promotion.**

အကယ်၍ ရာထူးအမြန်တိုးမြှင့်ပေးစေလိုပါက သင့်ထံမှ သူမျှော်လင့်ထားသည်ထက် အလုပ်ပမာဏ ပိုများပြီး ပိုမိုကောင်းမွန်အောင် စွမ်းဆောင်ပြသလိုက်ပါ။

(ချားလ်ဝီလျံ)

## နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

❖ စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)



### စည်သွတ်ဘူးများဖြင့် ပြုလုပ်ထားသည့် အကြီးဆုံး အဆောက်အအုံ

*အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် အယ်လ်တန်မြို့သား ရောဘတ်ပါရှင်းအမည်ရှိ အမျိုးသားတစ်ဦးက စည်သွတ်ဘူးပေါင်း ၂၂၁၉၁၈ဘူးဖြင့် အဆောက်အအုံပြုလုပ်ခဲ့သည်။ ယင်းအဆောက်အအုံတွင် အမြင့် ၈ ပေ ၁၁ လက်မမြင့်သော အဆောက်အအုံ၊ အမြင့် ၁၀ ပေ ၉ လက်မမြင့်သော အဆောက်အအုံနှင့် အမြင့် ၉ ပေ ၅ လက်မမြင့်သည့် အဆောက်အအုံသုံးလုံးကို တစ်ဆက်တစ်စပ်တည်း တည်ဆောက်ထားခြင်းဖြစ်သည်။ ယင်းအဆောက်အအုံသည် စည်သွတ်ဘူးများဖြင့်ပြုလုပ်ထားသော ကမ္ဘာ့အကြီးဆုံး အဆောက်အအုံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ) (အင်တာနက်)*

### သော့ချိတ် အများဆုံး စုဆောင်းနိုင်သူ

*အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဗာလ်ဒိုစတာမြို့သား ဘရင့်ဒိုင်ဆမ်အမည်ရှိ အမျိုးသားတစ်ဦးသည် ၂၀၀၁ ခုနှစ် မတ်လကုန်မှ ၂၀၁၀ခုနှစ် မတ်လကုန်အထိ အမျိုးအစားမတူသော သော့ချိတ်ပေါင်း ၄၁၄၁၈တွဲကို နေရာကွဲပြားစွာ ရှာဖွေစုဆောင်း နိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် သော့ချိတ်အများဆုံး စုဆောင်းနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။*

***(အပေါ်ပုံ) (အင်တာနက်)***





### ဆံပင်အရှည်ဆုံး အမျိုးသမီး

*တရုတ်နိုင်ငံ ကျန်စီပြည်နယ် စီကျင်းမြို့တွင်နေထိုင်သော စီကျူပင်းအမည်ရှိ အမျိုးသမီးတစ်ဦး၏ ဆံပင်အရှည်မှာ ၁၈ ပေ ၅ လက်မကျော်ရှည်လျားရာ ကမ္ဘာပေါ်၌ ဆံပင်အရှည်ဆုံး အမျိုးသမီးတစ်ဦးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ စီကျူပင်းသည် အသက် ၁၃ နှစ်အရွယ် ၁၉၇၃ ခုနှစ်မှစတင်ကာ သူမ၏ဆံပင်များကို မညှပ်ဘဲ အရှည်ထား ရှိခဲ့ခြင်းဖြစ်သည်။* ***(အပေါ်ပုံ)***

***(အင်တာနက်)***

# တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြော

နေပြည်တော် ဧပြီ ၂၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ဖြိုးသည် ဧပြီ ၁၉ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

## လေဆိပ်

ဆက်လက်၍ တိုင်းမှူးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ကျိုင်းတုံလေဆိပ်လုံခြုံရေးနှင့် ခရီးသည်နားနေဆောင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လေယာဉ်ပြေးလမ်း ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းအခြေအနေ၊ နိုင်လွန်ကတ္တရာစက်ရုံနှင့် လေယာဉ်ပြေးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မိုးနဲ-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ကျိုင်းတုံ-မိုင်းဖြတ် ကားလမ်း တစ်လျှောက် နွေစပါးများ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ကားလမ်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

## တက်ရောက်

ဆက်လက်၍ တိုင်းမှူးသည် မိုင်းဖြတ်မြို့ခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အစီအစဉ်အရ တာဝန်ရှိသူ တစ်ဦးမှ နယ်မြေဒေသ အခြေအနေများ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ရေရှည်အသုံးပြုနိုင်ရေးအတွက် လစဉ်ကြံ့ခိုင်ရေးပြုလုပ်လျက်ရှိရာ ယာဉ်တစ်စီးချင်းအလိုက် အင်ဂျင်ဝိုင်များ လဲလှယ်ခြင်းနှင့် ပါဝါဆီများ ဖြည့်ဆည်းခြင်း ဆောင်ရွက်နေမှုတို့ကို ဧပြီ ၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂)ဦးကျော်မင်းထွန်းက ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)**





# ရေနံချောင်းမြို့နယ် ချောင်းဆုံကျေးရွာ၌ အလယ်တန်းကျောင်းခွဲ ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၆

ရေနံချောင်းမြို့နယ် ချောင်းဆုံကျေးရွာ အလယ်တန်းကျောင်းခွဲ ဖွင့်လှစ်ပွဲအခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၁၀နာရီခွဲက ချောင်းဆုံကျေးရွာ အလယ်တန်းကျောင်းခွဲ ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင့်လွင်ဦးတို့က ကျောင်းခွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

## ရှင်းလင်းပြောကြား

ဆက်လက်၍ ဒုတိယပိုင်း အခမ်းအနားကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားကြပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌက အလယ်တန်းကျောင်းခွဲ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

## ကျေးဇူးတင်စကား

ထို့နောက် ဒေသခံပြည်သူများ ကိုယ်စား ဦးလှကြိုင်က အလယ်တန်းကျောင်းခွဲ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြို့နယ် သတင်း ထွေတလာ**



# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပျိုးဥယျာဉ်စစ်ဆေး

**ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# သစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံ ထုတ်လုပ်နည်းသင်တန်းဖွင့်

မန္တလေး ဧပြီ ၂၂

သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံသင်တန်း ထုတ်လုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို မတ် ၆ရက်က သမဝါယမကူးသန်း ရောင်းဝယ်ရေးကျောင်း၌ ကျင်းပသည်။

## ပို့ချသွားမည်

ရှေးဦးစွာ ညွှန်ကြားရေးမှူး ဦးငွေးလွင်က အမှာစကားပြောကြားသည်။ သင်တန်းမှူး ဒေါ်ပိုင်ပိုင်ကျော်က သင်တန်းစဉ် စည်းကမ်းချက်များရှင်းပြပြီးနောက် သင်တန်းဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။ ယင်းသင်တန်းမှ ကိုယ်တိုင် တစ်ပိုင်တစ်နိုင် အိမ်တွင်းမိသားစု စီးပွားရေး ထုတ်လုပ်နိုင်သည်အထိ ပို့ချသွားမည်ဖြစ်ပြီး လုပ်ငန်းလုပ်ပိုင်ခွင့် မှတ်ပုံတင်လိုပါက ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(ဝ၉ဝ)

# ပညာပေးနှိုးဆော်ချက် အမှတ်-၁ ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

# မီးဖို မီးကြွင်းမီးကျန် သတိပြုရန် နှိုးဆော်ချက်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကို ပိတ်၊ ပလတ်ကို ဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကိုချထားပြီးမှ အပြင်သို့သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

# အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

**ဆေးရုံသို့အမြန်ပြသပါ**

**အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာဗောဓိပင်ပျိုး စိုက်ပျိုးပူဇော်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ မဟာဗောဓိပင်ပျိုကို စိုက်ပျိုးပူဇော်ကြစဉ်။
(သတင်းစဉ်)

***ရွှေ့ဖုံးမှ***

အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊

***စာမျက်နှာ ၃ ကော်လံ ၁*** ❍